mgyoe.com
SAMPLE BOOK



# မေတ္တာသမားတော်

mgyoe.com

သန်းမြင့်အောင်

mgyoe.com SAMPLE BOOK

ပရဟိတ လူသားတစ်ဦးအကြောင်းကို
ပရဟိတ လူသားတစ်ဦးဖြစ်သူ သန်းမြင့်အောင်က
အမှတ်ရချက်များဖြင့် မှတ်တမ်းတင်ထားသည်။

ကြည်နိုင်

အတွေးအခေါ်အယူအဆ
ပြည်သူ့ဘက်က ဆရာဝန်
ပကာသန မခင်မင်
ဆင်ဆင်ခြင်ခြင် ဘဝလမ်းကြောင်း
ခယောင်းလမ်းပါပဲ
အသပြာမမက် ဂုဏ်မမက်
ပြည်သူ့အကျိုးပြုသက်သက်
ရှင်တို့ ကျွန်မတို့အတွက် သမားတော်
ကမ္ဘာကျော် မဟုတ်သော်မှ
အများစုယုံကြည်ဖော် အားကိုးရာ ...

မအိ

စာပေသမားတွေအတွက် အားကိုးအားထားစရာ
တစ်ဦးတည်းသော "နာ" သုံးနာဆရာဝန်
အမွန်အမြတ် စိတ်ဓာတ်ဖြူစင်
"ဇမ္ဗူတစ်ခွင်မှာ သူသာပင် ..." လို့ ဆိုရရင်
လွန်မယ်လို့မထင်မိပါ...။

ခင်ဝင်းသစ်

ပကတိအဖြူရောင် ပရဟိတသမား-

ခင်နှင်းဦး

စာပေလောက အသိုင်းအဝိုင်းတွင် "ဆရာလေး"ဟု ဆိုလိုက်သည်နှင့် ရုပ်အင်္ကျီအဖြူ၊ ပုဆိုး၊ လွယ်အိတ်၊ ထီးကောက်ကြီးနှင့် သူ့ရုပ်သွင်ကိုသာ တန်းမြင်ကြသည်။ အခြားအမည်တွေနှင့် သူ့ကို မည်မျှဂုဏ်ပြုသည်ဖြစ်စေ သူက ဂရုစိုက်ချင်မှလည်း စိုက်မည်။ သို့သော် "ဆရာလေး" ဆိုသည့် ဂုဏ်ပုဒ်မှာ သူ့ကိုယ်ပိုင်အမှတ်အသား ဖြစ်နေသည်။

တင်ညွန့်

ပရဟိတဆိုတဲ့စကားကို လူတိုင်းပါးစပ်ဖျားမှာ ရေပန်းမစားခင်ကတည်းက လူ့ပတ်ဝန်းကျင်မှာ ရှိနှင့်နေပြီးသား လူတစ်ယောက် ...

သန်းမြင့်အောင်

ISBN 9789997136862
NW170
9 789997 136862
MMK 8,000.00

mgyoe.com SAMPLE BOOK

မေတ္တာသမားတော်၊ သန်းမြင့်အောင်
မျက်နှာဖုံးပန်းချီ-တော်တီဆွေ (မေတ္တာမြင့် ရေးဆွဲပေးသည်)
ဆရာလေးပုံတူခဲခြစ်များ-ယဉ်မင်းပိုက်
စာမျက်နှာ ၁၇၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဂိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com
SAMPLE BOOK



# မေတ္တာသမားတော်

သန်းမြင့်အောင်

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အ စ ီ အ စ ဉ်

ကြည်နိုင်၏ နိဒါန်းအမှာ

ကျေးဇူးတင်လွှာ

မေတ္တာသမားတော်

၁။ မေတ္တာသမားတော်၏ နောက်ဆက်တွဲစာမျက်နှာများ

၂။ မေတ္တာသမားတော်သို့ အမှတ်တရအလွှမ်းစကားများ

၃။ မေတ္တာသမားတော်သို့ အလွမ်းပုံရိပ်များ

၄။ မေတ္တာသမားတော်၏ ဈာပနမှတ်တမ်းဓာတ်ပုံများ

၅။ ဒေါက်တာတင်စံဦး၏ ကိုယ်ရေးအကျဉ်း

၆။ စာရေးသူ၏ ကိုယ်ရေးအကျဉ်း

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

**ဆည်းဆာရိပ်၊ မေတ္တာသမားတော်နှင့် သန်းမြင့်အောင်**
**( ကြည်နိုင်၏ နိဒါန်းအမှာ)**

**ဆည်းဆာရိပ်သို့**

❖ ဘိုးဘွားတွေ ချွေးသိပ်ကြ
အေးရိပ်မြသိုက်မြုံ
ရှေးအတိတ်ကကံဆုံရှာသည်
ဉာဏ်ခြုံလွှာဖြန့်ကျင်း
စိတ်ရင်းကောင်း ဝန်းခလှုံသည်
ရွှန်းမပုံသာသည့်လမင်း။

❖ ခန္ဓာတွင်းတရားရှာ
အမှားကွာစိတ်ရှင်း
များသတ္တဝါဘယာကင်းစေဖို့
နှလုံးသွင်းမေတ္တာ
သစ္စာဉာဏ်လမ်းခရီး
ဖြောင့်တန်းပြီးထင်ရှားကြည်စွာ။

❖ ဘိုးဘွားတို့ သည်နေရာကို
လာရောက်ကာ သဒ္ဓါများလို့
စိတ်ထားမြတ်ကိန်းစေရာ
ကုသိုလ်ပြုပါ။

mgyoe.com

mgyoe.com
SAMPLE BOOK


ယခုဘဝပေါင်းမိုးသာသည်
ကောင်းကျိုးဖြာလက်ငင်းပလေး . . . ။
(ဆရာမသန်းမြင့်အောင်နှင့် ပရဟိတအဖွဲ့သားများသို့)

(၁၁. ၁၀. ၂၀၂၄)

ကျွန်တော်သည် မြောက်ဒဂုံ "ဆည်းဆာရိပ် ဂိလာနဘိုးဘွားများ ရပ်သာ" သို့ လေးငါးခေါက်လောက်မက ရောက်ဖြစ်သည်။ ဆည်းဆာရိပ်တွင် ကဗျာဆရာမောင်အောင်နီ၊ ကဗျာဆရာမ ခင်ဝင်းသစ်၊ ကဗျာဆရာမောင်ခိုင်မာ၏ဇနီး အစ်မကြီး ခင်မြဝင်းတို့ရှိကြသည်။

ဝန်ထမ်းကလေးမလေးများက ဘိုးဘွားတို့ကို ကြင်ကြင်နာနာ ပြုစုကြသည်ကိုတွေ့ရသည်။ ထမင်းခွံ့ကျွေး၊ ပါးစပ်သုပ်ပေး၊ အချို့က တွဲထူလမ်းလျှောက်စသည်ဖြင့် သက်ကြီးရွယ်အိုတို့ကို ပြုစုစောင့်ရှောက်မှုသည် မွန်မြတ်လှပါ၏။ ရင်ထဲမှ လှိုက်လှဲခံစားရသဖြင့် တေးထပ်ကဗျာလေး တစ်ပုဒ် သီဖွဲ့ဖြစ်ကာ. . . လိုင်းပေါ်တင်ခဲ့သည်။

အမှတ်တရပင် (၂၁. ၁. ၂၀၂၅)နေ့က ကျွန်တော်တို့၏ ဆရာလေး ဒေါက်တာတင်စံဦးနှင့် မိတ်ဆွေများ တွေ့ဆုံပွဲ "ဆည်းဆာရိပ်" တွင် ပြုလုပ်ခဲ့ကြသည်။ ကိုဝင်းအောင်နှင့် ဆရာလေး၏ ဆန္ဒအရ ဆရာမသန်းမြင့်အောင်က စီစဉ်ပေးခြင်းဖြစ်သည်။ ပထမတစ်ကြိမ်တွေ့ဆုံပွဲ ဆရာလေး မလာနိုင်သဖြင့် ဒုတိယအကြိမ်ထပ်မံစီစဉ်ပေးခြင်းဖြစ်သည်။

ထိုပွဲတွင် ဆရာထက်မြက်၊ ကိုမျိုးမြင့်ညိမ်း၊ ဂျာလစ်ဖိုးစိုင်း၊ ကာတွန်းဝင်းအောင်၊ ရာသက်ပန် (တောင်ငူဆောင်)၊ ဒေါက်တာသန့်စင် (ဆရာတိုက်စိုး၏သမက်)၊ ပန်းချီယဉ်မင်းပိုက်၊ သုတေသီ ဦးသန်းညွန့်၊ ဇော်ဖိုးထင်၊ ကြည်နိုင်၊ ခင်ဝင်းသစ်၊ ခင်မြဝင်း၊ သန်းမြင့်အောင်တို့ ဆရာလေးတင်စံဦးနှင့် စကားဝိုင်းဖွဲ့ခဲ့ကြသည်။

ဆရာလေးက အသံထွက်ဖို့ အခက်အခဲရှိ၍ သူပြောလိုရာကို တစ်ဦးချင်းစီ စာရွက်အပိုင်းလေးများဖြင့် ရေးပြီးပြောသည်။

ကျွန်တော့်ကို ရေးပေးသည့် စာရွက်ကလေးတွင်-

"ဆရာတိုက် အခု ကျွန်တော့်လို အသက်ရှုသံပြင်းလာတာ၊ အဲဒီနေ့ပဲ ဆရာတိုက်ဆုံးတယ်"

ထိုစာတိုလေးဖတ်ပြီး ကျွန်တော်စိတ်မကောင်းဖြစ်သွားသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ဆရာတိုက်စိုးကိုလည်း ဆရာလေးတင်စံဦးပင် နောက်ဆုံးအချိန်အထိ နေ့စဉ်ကုသမှုပေးခဲ့သည်။

ဆရာလေးဒေါက်တာတင်စံဦးသည် ကျွန်တော်တို့ စာပေသမားများ၊ နိုင်ငံရေးသမားများ၊ အနုပညာသမားသာမက သူတို့မိသားစုဝင်များကိုလည်း မေတ္တာအရင်းခံထားကာ ကုသပေးခဲ့သည်။ ဆေးဖိုးမရှိသူတို့ကို သူကပင်စိုက်၍ဆေးဝယ်ပေးခဲ့သည်။ ထိုပရဟိတလုပ်ဆောင်ချက်များသည် သူ့တစ်သက်တာပင်ဖြစ်သည်။

ဇော်ဖိုးထင်ကို ဆရာရှမ်း (မောင်လင်းယုန်-ရှမ်းပြည်) မိသားစုအား ပေးလှူရန် ငွေတစ်သိန်းနှင့် စာတိုလေးရေးပေးခဲ့သည်။

သန်းမြင့်အောင်က ဆရာလေးအကြောင်း "မေတ္တာသမားတော်" ဟု အမည်ပေးကာ ရေးပြီးကြောင်း၊ ထိုစာမူကို ဆရာလေးသည် ဖတ်ပြီးကြောင်း ထိုဝိုင်းတွင် ပြောပြခဲ့သည်။ ကောင်းလေစွဟု ကျွန်တော်သာဓုခေါ်မိသည်။

သန်းမြင့်အောင်က တောင်းဆိုသဖြင့် ပန်းချီယဉ်မင်းပိုက်က ထိုဝိုင်းတွင် ဆရာလေးပုံတူကို စိတ်လိုလက်ရ ရေးခြယ်ဖြစ်သည်။

မြသန္တာ (နော်ရင်မွှေး) နှင့် ဆည်းဆာရိပ်အဖွဲ့သားများက လိုလေသေးမရှိ ညှော်ဝတ်ကျေကြပါသည်။ ထိုဝိုင်းတွင် ဆရာလေးကိုယ်တိုင်လည်း ရွှင်လန်းတက်ကြွနေသည်။ ကျွန်တော်တို့လည်း စကားတွေလှိုင်နေကြသည်။

ထိုနေ့က ဆရာလေးဒေါက်တာတင်စံဦး၏ နောက်ဆုံးနေ့ဖြစ်မယ်မှန်း ကျွန်တော်တို့ ဘယ်သူမှ မသိလေကြ။

ဆည်းဆာရိပ်တွင် တစ်ညောင်းထိုင်ပြီး ကိုမျိုးမြင့်ညိမ်းက ဒကာခံမည်ဆိုကာ ပင်လုံစားသောက်ဆိုင်သို့ ချီတက်ခဲ့ကြသည်။ ရောက်၍ နေရာယူကြပြီးသည်နှင့် ဆရာလေးက ဆိုဖာထိုင်ခုံရှည်ပေါ်တွင် ကောင်တာမှ ကလေးမလေးများအား လှမ်းခွင့်တောင်းကာ လှဲချလိုက်သည်။ မောပဟိုက်နေပုံရသည်။ ခဏအကြာ ထိုးအန်သဖြင့် ဇော်မိုးထင်က တစ်ရှူးစများဖြင့် သုတ်သင်သန့်စင်ပေးသည်။ ဆရာလေးလည်း မှိန်းနေသည်။

ကျွန်တော်တို့ မှာစရာရှိတာမှာ စကားလှိုင်နေကြပြီး မကြာခင်ပင် ရာသက်ပန်နှင့် ကိုဝင်းအောင်က ပြန်နှင့်သည်။ ခဏအကြာတွင် ဆရာလေးထလာကာ ဝိုင်းထိုင်သည်။ ဆရာလေးက ဘာမျှ မစားမသောက် ခေါင်းခါကာ သူ့ရေဘူးကလေးကိုပဲသောက်ကာ ထုံးစံအတိုင်း စာရွက်ပိုင်းလေးများဖြင့် သူပြောလိုရာ ရေးပြောသည်။ တစ်ယောက်တစ်ယောက် စ နောက်နေကြခြင်းဖြစ်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"နိုင်ဝင်းဆွေကို ဦးထက်က ဖျက်ဆီးတယ်၊
ကျွန်တော်က ဦးထက်ကိုဖျက်ဆီးလိုက်တယ်၊ ဖတ်ပြပါ"

ကျွန်တော် ဖတ်ပြရာ အားလုံး ဝိုင်းရယ်ကြသည်။ ည ၈း၀၀ နာရီခန့် လူစုခွဲကြသည်။ ဆရာလေးကို ကိုမျိုးမြင့်ညိမ်းတို့ လိုက်ပို့ကြသည်။ ထိုနေ့က ဆရာလေး၏ နောက်ဆုံးနေ့မှန်း ဘယ်သူမှ မသိကြပါ။

(၂)

"ဆရာလေးဆုံးပြီ"

၂၂. ၁. ၂၀၂၅ နံနက်တွင် ကိုမျိုးမြင့်ညိမ်းဆီမှ ဖုန်းဝင်လာသည်။ ကျွန်တော် ငိုင်သွားမိသည်။ သခါရတရားသည် ကျီစယ်နိုင်အားရက်ပေသည်။

ဆရာလေးတင်စံဦး၊ ကိုအောင်ကြင် (ပန်းအိစံ)၊ သန်းမြင့်အောင်တို့သည် ကျွန်တော်သိသည့် ခွဲခြားမရသည့် ပရဟိတလူသားများဖြစ်ကြပါသည်။

"မေတ္တာသမားတော်" တဲ့။

ဆရာလေးတင်စံဦးနှင့် ထိတွေ့ခဲ့ပုံ အမှတ်တရနေ့ရက်များအကြောင်း စာမူကို ဆရာလေးကိုယ်တိုင် ဖတ်သွားခဲ့ရသည်။

ဆရာလေး၏ စျာပနကိစ္စအ၀၀၊ ထိုရက်များအတွင်း ဆရာဖေမြင့်၏ မိခင်စျာပန၊ ဆရာ မောင်ခင်မင် (ဓနုဖြူ) စျာပန ကိစ္စရပ်များ ကြုံကြရသည်။

"ဆရာကြည်နိုင်ကို အမှာရေးခိုင်းပါ" တဲ့။

ဆရာလေး၏ ရက်လည်ပြီးနောက်နေ့မှ သန်းမြင့်အောင်က ကျွန်တော့်အား ဖုန်းဆက်ချိန်းကာ ဆရာလေး၏ စာတိုလေးကိုပြသည်။

သန်းမြင့်အောင်ကို ကျွန်တော် အံ့သြမိသည်။ ပရဟိတ အလုပ်တွေ များလှသည့်ကြားမှ စာကြိုးစားရေးနိုင်သည်။ သူ့ရွဲ့ သူ့လှုံ့လကို ကျွန်တော် အံ့သြမိခြင်းဖြစ်သည်။ သူ့၌ ရေးစရာအတွေ့အကြုံတွေက များလှသည်။ သူရေးသည့် အချို့စာအုပ်များ ကျွန်တော်ဖတ်ရသည်။ ဝတ္ထုတိုကို တခုတ်တရ ရေးသူ၊ ဝတ္ထုတိုဖြင့် အမျိုးသားစာပေဆုရဖူးသူ ဆရာမ။

တကယ်တော့ ပရဟိတလုပ်ငန်းသည် ကိုယ်တိုင်လုပ်နိုင်ရန် မလွယ်ကူလှပါ။ တစ်ဘဝလုံးနှစ်ပြီး လုပ်နိုင်သူကား ရှာမှရှားလှပါသည်။

အများအကျိုးအတွက် အနစ်နာခံကြသူတို့ကို လူအများက နှစ်သက်ကြသည်။ အများအကျိုး ပျက်စီးအောင်လုပ်ကြသူများကို လူအများက အော့နှလုံးနာကြသည်။ ဤကား အလွန်ရှင်းသည့် သဘောတစ်ရပ်ပင်ဖြစ်ပါ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


ဒေါက်တာတင်စံဦးလို ပရဟိတ လူသားတစ်ဦးအကြောင်းကို ပရဟိတ လူသားတစ်ဦးဖြစ်သူ သန်းမြင့်အောင်က အမှတ်ရချက်များဖြင့် မှတ်တမ်းတင်ထားသည်။ "မေတ္တာသမားတော်" တဲ့။

သန်းမြင့်အောင်၏ စာမူကို အစအဆုံးဖတ်ကြည့်မိသည်။ ခရားရေလွှတ်ရေးနိုင်ပေသည်။ သူ့စာမူဖတ်ရင်း ကျွန်တော်တို့၏ ဆက်စပ်မှုပုံရိပ်များ အများအပြားပင် အာရုံတွင်ဖြတ်သန်းသွားကြပေသည်။

ကျွန်တော်သည် သန်းမြင့်အောင်ကို သူ ၁၃ နှစ်သမီးအရွယ်ကပင် ဆုံဖူးခဲ့သည်။ အသားညိုညို၊ အရပ်ပုပု၊ မျက်နှာဝိုင်းဝိုင်း၊ ဂါဝန်နှင့် ကောင်မလေး။

ကျွန်တော်အထက်တန်းကျောင်းသားဘဝက နွေရာသီ ကျောင်းပိတ်ရက်များတွင် မောင်မင်းနိုင်နှင့် နယ်မှ ရန်ကုန်လာကာ သူ့ဖခင် သမားတော် ဆရာသန်းတိုက်တွင် စတည်းချကာ မဂ္ဂဇင်းတိုက်များ လှည့်ဖြစ်ကြသည်။ ကျောက်မြောင်း၊ ဘိုးလိန်းလမ်း ဆရာသန်းတိုက်နှင့် သန်းမြင့်အောင်တို့ ခတ်ပုံဆိုင်ကားကပ်လျက် အိမ်နီးချင်းဖြစ်သည်။

ထိုစဉ်က ကျွန်တော်က "ရွှေတန်းလှကြည်" ကလောင်အမည်ဖြင့် "သင့်ဘဝမဂ္ဂဇင်း"တွင် မောင်မင်းနိုင် (မင်းနိုင်သန်း-လက်ပံတန်း) နှင့်အတူ ကလောင်သွေးနေကြသည်။ (၁၉၆၃-၆၄)ခုနှစ် ကာလများ။

ဆိုကြပါစို့၊ ခရီးစဉ်အား ချုံ့လိုက်လျှင် အရွယ်ရောက်လာသည့်အခါ သန်းမြင့်အောင်နှင့် မောင်မင်းနိုင် အကြောင်းပါခဲ့သည်။ သမီးနှစ်ယောက် ထွန်းကားခဲ့သည်။ နောက် မောင်မင်းနိုင် ကားအက်ဆီးဒင့်ဖြင့် ကွယ်လွန်ခဲ့သည်ဟု ကြားရသည်။ မဆုံးခင် မိသားစုတို့ အင်းစိန်ဖော့ကန်က ကျွန်တော့်အိမ် လာလည်ခဲ့ကြသေးသည်။

ကျွန်တော်လည်း ရွှေတန်းလှကြည်ဘဝက "ကြည်နိုင်" ဖြစ်လာခဲ့သည်။ စာပေညီမ သန်းမြင့်အောင်နှင့် စာပေနယ်တွင် ပြန်ဆုံကြသည်။ သမီးကြီး မချိုနှင့် အငယ်လေးကလည်း ကျွန်တော့်ကို သူတို့ဖခင်၏ဆရာဖြစ်၍ ဘကြီးအရာထားကာ ရိုသေလေးမြတ်ကြသည်။

အမှတ်ရချက်များကား တသီတတန်းကြီးပေါ်လာကြသည်။ သန်းမြင့်အောင်၊ ဆရာလေးတို့နှင့် အင်းစိန် စနေဝိုင်း။

ရွာမမှ ပန်းချီခမ်းဘိုးအိမ် စာပေဝိုင်း၊ ဆရာဒဂုန်တာရာ နှစ်စဉ် ဆောင်းခိုဖို့ ရန်ကုန်ရောက်လာပြီး အောင်ပန်းအပြန် သန်လျင်၊ ထန်းပင်ကုန်း၊ ကိုအောင်ကြင့်အိမ် စာပေလောကသားများ ဆုံဖြစ်ကြမြဲ။ ဆရာဒဂုန်တာရာ နှုတ်ဆက်

mgyoe.com

mgyoe.com
SAMPLE BOOK


ဂါရဝပြုပွဲတွင် ဆရာလေးနှင့် ကိုအောင်ကြင်တို့ မောင်နှမများက ဒိုင်ခံ စားသောက်ရေးမှအစ အစစအရာရာ ဧည့်ခံကြသည်။ သန်းမြင့်အောင်နှင့် ဝိုင်းဝိုင်း (ကံ့ကော်ဝတ်ရည်)၊ ပန်းချီမမွေး၊ မြသွေးရည်၊ မရီဝေ၊ ခင်ဝင်းသစ်၊ တင်တင်ဦး (ရုပ်ရှင်တေးကဗျာ) စသည်ဖြင့် စာရေးဆရာမများ၊ ထုတ်ဝေသူများ၊ အယ်ဒီတာများနှင့် ဆရာအံ့မောင်၊ ဆရာထက်မြက်၊ ဆရာမောင်ဝံသ၊ ဆရာ မောင်သာချို၊ လူကြီးလူငယ် စာသမားများ စုံလှသည်။ ကျွန်းပြန်ရဲဘော်အချို့ လည်းပါဝင်သည်။ ရင်းနှီးပွင့်လင်းနွေးထွေးမှုများဖြင့် သိုက်သိုက်မြိုက်မြိုက် ရှိလှသည်။

သန်းမြင့်အောင်၊ ဆရာလေးတင်စံဦး၊ ကိုအောင်ကြင်တို့နှင့် အမှတ်တရ များကား တရိပ်ရိပ်ပင် ပေါ်လာကြသည်။

ဆရာရှမ်း (မောင်လင်းယုန်-ရှမ်းပြည်)၊ ဆရာဂျမ်း (တင်မိုး)၊ ရုပ်ရှင်မင်း သားကြီး ဦးထွန်းဝေ၊ ဂီတဆရာမြိုင်၊ ဆရာမောင်ထွန်းသူ၊ ဆရာဖေမြင့် စသည်ဖြင့် စာသမား အများအပြား ဆုံကြသည့် အင်းစိန် စနေစာပေဝိုင်းတွင် လည်း ဆရာလေးက ကဗျာရွတ်သည်၊ "ညိုမိဂ္ဂမှာန်ညများ" တဲ့။ အောင်ဝေး၏ ကဗျာ။ အလုပ်များမအားလပ်သည့်ကြားက သန်းမြင့်အောင်လည်း တစ်ခါတစ်ရံ ရောက်လာတတ်ကြသည်။ ခင်နှင်းဦး၊ သန့်စင်အေး၊ မအိ၊ ငြိမ်း (ဒဿန)၊ စိုးမြင့် လတ်၊ မောင်တင်ဆင့်၊ မောင်ခိုင်မာ၊ ပန်းချီယဉ်မင်းပိုက်၊ လူငယ်စာသမား အများအပြားပင် ဆုံဖြစ်ကြလေသည်။ အင်ကြင်းရိပ်လက်ဖက်ရည်ဆိုင် ခြံကျယ်ကြီးထဲ သကြားပင်၊ မရမ်းပင်ကြီးများအောက်တွင် ခုံပုလေးများ ဆက် ကာ ထိုင်ဖြစ်ကြသည်။ စာ၊ ကဗျာသံတို့ဖြင့် မြိုင်ဆိုင်ရွှန်းစိုလှသည်။

ညွှန့်သစ်၊ ကြည်ဇော်မိုး၊ နိုင်မောင်၊ ခိုင်မြ၊ ပန်းတနော်မြတ်စံ . . . ဆရာလေးတင်စံဦး၊ ကိုအောင်ကြင်လည်း တစ်ခါတစ်ရံရောက်လာတတ်သည်။ ဇော်ဖိုးထင်တို့၊ မင်းထက်နိုင်တို့ လူငယ်စာသမားအများပင်။

ဆရာပါရဂူ၊ ဆရာကိုတာတို့လည်း တစ်ခါတစ်ရံ ရောက်လာတတ်သည်။ နယ်မှစာသမားအချို့လည်း အင်းစိန် စနေစာပေဝိုင်းတွင် လာရောက်ဆုံတတ် ကြသည်။ မမေ့နိုင်စရာ နေ့ရက်များပါပဲ။

အင်းစိန် စနေစာပေဝိုင်းနှင့်ပတ်သက်၍ ကျွန်တော် ကဗျာလေးတစ်စ တို့ခဲ့ဖူးသည်။

"အင်ကြင်းရိပ် . . . တဲ့
စိတ်နှလုံးမွေ့၊ တို့တွေတွေ့ဆုံ

mgyoe.com

mgyoe.com

SAMPLE BOOK


စာငွေ့လှုံရာ၊ ကဗျာလေးထုံရာ
နေရာကလေး . . .
မရမ်းချိုချဉ်၊ ဇောင်းလျားပင်ထီးထီး
သကြားသီးပင်ကြီးအောက်၊ ရောက်လာကြသူ
ကဗျာချစ်သူ၊ စာချစ်သူတွေ
စိတ်တူကိုယ်တူ၊ ခုံပုကလေး မ သူ မ
စားပွဲကလေး ချ သူ ချ
သူ့စာငါ့စာ၊ လေ့လာကြ စူးစမ်းကြ၊
ကာလနောက်ခံ၊ ခေတ်ပြိုင်ခံစားမှုဟန်
ဝေဖန်ကြ၊ ငြင်းခုံကြ . . .
သုံးယောက်က လေးယောက်
လေးယောက်က ငါးယောက်
ထပ်ကာထပ်ကာ ရောက်လာသူအတွက်
စားပွဲခုံလေးထပ်ကာဆက်
လက်ဖက်သုပ်လေး မှာသူ မှာ . . .။
ပျာယာ ပျာယာနှင့် ကဗျာဆရာမ
ဝဝစိုစို မင်းသားကြီးတစ်ဦး
နဖူးလုံး ဗိုက်ရွှဲ ပန်းချီဆရာ၊
ကျောလျားရှည် ဝတ္ထုတိုဆရာ၊
ကျွန်းသူကြီး စာသမား . . .၊
ငုပ်စွေ့စွေ့ စန္ဒယား ဆရာ၊
အသားညို အယ်ဒီတာ
အသံပြာကိုယ်ပြား ဂီတဂုရု၊
အနုပညာသမားတို့အားထားရာ
ဒေါက်တာလေးလည်းပါသပ . . .။
ဟော . . . လာပါပြီဗျာ
မော်ဒယ် ဒီဇိုင်းနဲ့ ကဗျာဆရာတစ်ယောက်
ကားပုလေးနဲ့ ရောက်လို့လာ
ဆီထမင်းလည်းပါ၊ ငါးခြောက်ကြော်လည်းပါ
လက်ဖက်ရည်လှမ်းလို့မှာ

mgyoe.com

mgyoe.com
SAMPLE BOOK


မြိုင်ပါ လှိုင်ပါပေရဲ့။
ငါတို့ရဲ့ စနေစာပေဝိုင်း . . . ။

အင်းစိန် စနေ စာပေဝိုင်းတွင် တစ်ညောင်းထိုင်ပြီးကြသောအခါ အချို့လည်းပြန်၊ ဆရာတင်မိုးနှင့် ကျွန်တော်တို့လူစု ပုဇွန်တောင်ဈေး သန်းမြင့်အောင် ဆိုင်ဆီ ချီတက်ကြပြန်သည်။ သန်းမြင့်အောင် ကိုယ်တိုင်စက်ချုပ်၊ ကိုယ်တိုင် သရက်သီးသနပ်လုပ်ကာ ဆိုင်ဖွင့်ထားသည်။ လက်ဖက်ရည်ဆိုင် ထိုင်ကြပြန်သည်။ သန်းမြင့်အောင်က သူ့ဆိုင်ပစ်ထားခဲ့ပြီး ကျွန်တော်တို့နှင့် လိုက်ထိုင်သည်။ နောက်ပိုင်း ကြားလာရသည်၊ "သန်းမြင့်အောင် ဂမ္ဘီ က, မတဲ့"

ရာမာယဏဇာတ်တော်ထဲက ဒဿဂီရိ ဘီလူးမင်း၏နှမ ဂမ္ဘီ

ကျွန်တော်မျက်လုံးကျယ်သွားမိသည်။ အသားညိုညို မျက်ကွင်းနက်နက် မျက်နှာဝိုင်းဝိုင်း၊ အရပ်ပုပုနှင့် သွက်လက်ချက်ချာ၍ ခင်မင်သူပေါသည့် သန်းမြင့်အောင်၊ သမီးနှစ်ယောက်အပေါ်လည်း သံယောဇဉ်ကြီးလှသူ၊ သူ့အသားညိုလွန်းသဖြင့် နန်းတော်ရှေ့ဆရာတင်၏ သီချင်းလေး ညည်းရင်း ကျွန်တော်တို့ စသည့်အခါ ရယ်ကျဲကျဲ လုပ်နေတတ်သူ။

မောင်ခိုင်မာက "လူနှုတ်ငုံပေမယ့် သူချုပ်ပုံက စကားပြောတယ်" ဟု သန်းမြင့်အောင် စက်ချုပ်ကောင်းပုံကို ချီးကျူးခဲ့ပါသည်။

စာသမား ရေးဖော်တစ်ဦးလည်းဖြစ် လူရင်းချင်းလည်းဖြစ်ကြသဖြင့် သူ ဂမ္ဘီက,မည်ဆိုသည့်အခါ ကျွန်တော်တို့ အံ့ဩမိခြင်းဖြစ်သည်။ သူခုမပိုး သူ့၌ ရှိကြောင်း ယခင်က ပြောသံမကြားရ။ ထိုအခါမှ ၁၃ နှစ်အရွယ် ဂါဝန်မလေး သီချင်းဆိုသံကို ပြန်ကြားယောင်မိလာသည်။

ရေကျော်ရာမ၊ အိုးဘိုရာမ၊ သီရိရာမ၊ သဟာရဓာနရာမ၊ စကော့ဈေး ရာမ၊ ဘိုကလေးရာမ ရှိကြောင်း ရာမယဏချစ်သူများထံမှ ကြားဖူးခဲ့သည်။ ယခုကြားလာရပြီ၊ ပုဇွန်တောင်ဈေး နန်းတွင်း ပုံတော်ရာမ။

စာပေနယ်မှ စာသမားအများပင် ပုဇွန်တောင်ဈေး နန်းတွင်းပုံတော် ရာမပွဲသို့ ရောက်ခဲ့ကြသည်။ လွတ်လပ်ရေးညဟုထင်သည်။ ဒေါင်းတောင်နှစ်ခု တစ်ဖက်စီကိုင်ကာ တို့ဂမ္ဘီ သန်းမြင့်အောင်၏ ပုံဟန်ကို ယခုပင် မျက်စိထဲ မြင်ယောင်နေမိသည်။ ဒုသနှင့် ခရ သားပျောက်ရှာသည့် ပူပုံပွေဟန်၊ ဂမ္ဘီ၏ လှုပ်ရှားဟန်ကား သရုပ်ပါလှပေသည်။

"သန်းမြင့်အောင် ကွ" မောင်သွေးသစ်အသံကြီးလည်း ပွဲခင်းထဲမှ ဟိန်း

mgyoe.com

mgyoe.com
SAMPLE BOOK


ညံစွာပေါ် ထွက်လာသည်။

ပုံရိပ်များကား အမှတ်ရစရာချည်း ဖြစ်နေတော့သည်။

၂၀၁၅ ခုနှစ်ကပြုလုပ်သော နိုဗယ်-မြန်မာ စာပေပွဲတော်တွင် ဆရာ မင်းသုဝဏ်၏ "ဘကြီးအောင် ညာတယ်" ဝတ္ထုကို ပြဇာတ်အဖြစ် တင်ဆက်ခဲ့ သည်။ စာရေးဆရာ၊ ဆရာမများပါဝင် သရုပ်ဆောင်ကြသည်။ ထိုပြဇာတ်တွင် သန်းမြင့်အောင်က မောင်ချစ်၏ မိခင်အဖြစ် သရုပ်ဆောင်ရသည်။ ပြဇာတ် နောက်ဆုံးအခန်း (မောင်ချစ်ဆုံးခန်း) အထွတ်အထိပ်အခန်း အရေးကြီးလှသည်။ မောင်ချစ် သူငယ်ချင်း ရောက်လာသည့်အခါ သန်းမြင့်အောင်က "မောင်ထွေး ရေ မင်းရဲ့ သူငယ်ချင်းကို ကြည့်ပါအုံး" ဟု ငိုကြွေးရာ ကျွန်တော် မျက်ရည်ကျခဲ့ ရသည်ကို သတိရမိပြန်၏။ ပရိသတ်အားလုံးလည်း ငိုကြွေးနေကြသည်။ "တော် လိုက်တဲ့ သန်းမြင့်အောင်၊ တော်လိုက်တဲ့ မောင်ခေတ်ထွန်း(မောင်ထွေး) " ဟု ရင်ထဲက ချီးကျူးမိ၏။ သင်ပြကောင်းသည့် ဆရာနန်းဝင်းနှင့် ဆရာချစ်ဦးညို တို့ကိုလည်း လေးစားမိပါ၏။ သန်းမြင့်အောင်နှင့် ပတ်သက်၍ အမှတ်ရချက်များ ကား များလှပါသည်။

မောင်ခိုင်မာ မိသားစု ပျဉ်းမနားမှ အင်းစိန် ဖော့ကန်ပြောင်းလာစက လည်း ဒေါက်တာတင်စံဦး၊ ကိုအောင်ကြင်၊ သန်းမြင့်အောင်နှင့် ကျွန်တော်တို့ စာသမားများ ဝိုင်းဝန်းခဲ့ကြသည်။ ပန်းချီတဂိုးမျိုးတို့ မိသားစုအားလည်း တြိဂံ မောင်နှမသုံးဦးပင် ကူညီခဲ့ကြသည်။

မှတ်မိသေးသည် . . . တစ်ခါက ကျွန်တော့်ဆီ ဖုန်းကြိုမဆက်ဘဲ သန်းမြင့်အောင်၊ မြသွေးရည်၊ ခင်ဝင်းသစ်၊ မရီဝေတို့ ရောက်လာကြသည်။ ကျွန်တော်တို့ မိသားစုက အပြင်ရောက်နေသည်။ ပြန်လာတော့မှ စာပေညီမ တွေ အိမ်ပေါ်မှာ တုံးလုံးပက်လက် ဗိုက်မှောက်နေကြသည်၊ ဖြစ်ရပုံများ . . . ။

အမှတ်ရချက်များ ပေါ်လာဖြစ်သည်။ မောင်ရန်ပိုင် ရဟန်းဘဝအပြီး ကူးပြောင်းတော့မည်ဖြစ်၍ လူဝတ်ကြောင်ဘဝ နှုတ်ဆက်ပွဲ ခင်ဝင်းသစ်အိမ် စမ်းချောင်းတွင် ပြုလုပ်ခဲ့ကြသည်။ ဆရာလေးတင်စံဦး အပါအဝင် သည်လူ တွေပါပဲ လျှို့ဖွယ်ဝတ္ထုများနှင့် . . . ။

ထိုပွဲတွင်ပဲလားမသိ ကိုတောက်က ဘုန်းကြီးဝတ်နှင့် ကျပ်တန်အသစ် ကလေးများ ဝေပေးသည့် သူ့ပုံပဟန်က ဆရာတော်ကြီးစတိုင်နှင့် သန်းမြင့်အောင် နှင့် ကျွန်တော်တို့က ရိုသေစွာ လက်နှစ်ဖက်နှင့် ခံယူခဲ့ကြရသည်။

ထိုကာလများကား လွမ်းစရာလေးတွေဖြစ်ကျန်ရစ်ကြလေပြီ။

mgyoe.com

mgyoe.com
SAMPLE BOOK


(၃)

သန်းမြင့်အောင် ၏ "မေတ္တာသမားတော်" စာမူဖတ်ရင်း အမှတ်တရ ပုံရိပ်များတစ်ခုပြီးတစ်ခု ပေါ်လာကြသည်။ အတိတ်၏ နေ့ရက်များကား မမေ့နိုင်စရာအမှတ်ရစရာများလည်းဖြစ်သည်။ ထိုကာလမျိုး ပြန်မရနိုင်တော့ . . .။

"မေတ္တာသမားတော်" ထဲတွင် ကဗျာဆရာမ မစိမ်းပင်က ဆရာလေးတင်စံဦးအား သူဌေးသမီးတစ်ဦး အချောလေးနှင့်လက်ဆက်ရန် ခေါ်သွားပုံ တွေ့ဆုံကြပုံတွေကို ယခင်က ကျွန်တော် မသိခဲ့၊ ယခု သန်းမြင့်အောင် ဖွင့်ဟမှပင် သိရသည်။ ဆရာလေးနှင့် ပန်းအိစံ ကိုအောင်ကြင်တို့ပုံ မာန်တွေကိုလည်း တန်းမြင်မိသည်။ သူတို့သည် အများကို ကူညီဖို့ကလွဲပြီး ကိုယ်ရေးကိုယ်တာထွေရာလေးပါး ကိစ္စရပ်များကို ဘေးဖယ်ထားကြဟန်တူမိသည်။ ဒါကြောင့်ပင် လူပျိုကြီးများဘဝနှင့် အရိုးထုတ်သွားကြပုံပေါ်၏။

"မေတ္တာသမားတော်" တဲ့။ သန်းမြင့်အောင်၏ အမှတ်ရချက်များကား ရှင်သန်နေပေသည်။ စာမူဖတ်ရ အမှာရေးနေရင်းပင် ကျွန်တော်သည် တက်ကြွနေမိသလို ဆရာလေးနှင့် ကိုအောင်ကြင် တို့ကို အမှတ်ရလွမ်းဆွတ်နေမိသည်။

သန်းမြင့်အောင်၊ ဆရာလေးတင်စံဦး၊ ပန်းအိစံကိုအောင်ကြင်တို့ တြိဂံ ပရဟိတ မောင်နှမတစ်တွေကား အများအကျိုးအတွက် ယုံကြည်ချက်ရင်ထဲ သံမှိုစွဲထားသူများပင်တကားဟု ကျွန်တော့် မြည်တမ်းမိ၏။ သူတို့၏ ဘဝတာသည် ပရဟိတ ဘဝတာပင်ဖြစ်သည်။ သူတို့နှလုံးသားထဲက ယုံကြည်ချက်ကို အမျိုးမျိုး မည်သူကပင် နှောင့်ယှက်ကြပါစေ . . . တွန့်ဆုတ်မည့်သူများ မဟုတ်ဟု ယုံကြည်မိသည်။

**မေတ္တာသမားတော်** ကိုဖတ်ပြီး ကျွန်တော်သည် ဆရာတော် အရှင် ဇနကာဘိဝံသ၏ အဆိုအမိန့်တစ်ရပ်ကို အမှတ်ရလာမိပါသည်။

အများအကျိုး
ရွက်သည်ပိုးက
ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း
မဖဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ်၊ ခရီးနှင်တော့ . . . တဲ့
အော် . . . လွမ်းလိုက်ပါဘိ မေတ္တာသမားတော် . . .။

ကြည်နိုင်(၃၁. ၁. ၂၀၂၅)

mgyoe.com

mgyoe.com SAMPLE BOOK

## ကျေးဇူးတင်လွှာ

အများအတွက် ဘယ်သူ့တိုက်တွန်းချက်မှမပါဘဲ မေတ္တာသက်သက်နဲ့ ကူညီစောင့်ရှောက်ရင်း တစ်ဘဝလုံးဖြုန်စင်စွာ နေထိုင်သွားသူတစ်ယောက်အကြောင်း ကျွန်မ ရေးချင်ခဲ့တာ ကြာပါပြီ။

အဲဒီလူကတော့ အများက ချစ်စနိုးနဲ့ 'ဆရာလေး' လို့ ခေါ်တဲ့ 'ဒေါက်တာတင်စံဦး'ပါပဲ။ သူ့အကြောင်းကို ကဗျာဆရာမ မအိက "မေတ္တာသမားတော်" လို့ အမည်တပ်ပြီး ဆရာလေး ဒေါက်တာတင်စံဦးကို အမှတ်တရကဗျာတစ်ပုဒ် ရေးဖွဲ့လက်ဆောင်ပေးပါတယ်။ ရေးဖွဲ့ပုံက ဆရာလေးရဲ့ သရုပ်သဏ္ဌာန်ကို ထင်ဟပ်လွန်းတာကြောင့် ကျွန်မ ဒီဝတ္ထုကို မရေးဘဲ မနေနိုင်အောင် ဖြစ်ရပါတယ်။ ဆရာမ မအိကို ဒီအကြောင်းပြောမိတဲ့အခါ စာရေးပျင်းတဲ့ ကျွန်မကို "ချက်ချင်းရေး၊ ညည်းပြန်မဖတ်အားရင် ကျုပ်ဖတ်ပေးမယ်"လို့ ဆိုပါတယ်။ ဒါနဲ့ ဆရာလေးကို ခွင့်တောင်းပြန်တဲ့အခါ မြန်မြန်ရေးဖို့ တိုက်တွန်းပြီး ကျွန်မ မေ့လျော့နေတဲ့ အကြောင်းအရာအချို့ကို ပြန်ပြီး အစဖော်ပေးလို့ ဆရာလေးနဲ့ အစ်မ မအိကို အလွန်ပဲ

mgyoe.com

ကျေးဇူးတင်ရပါတယ်။ ဆရာလေးအကြောင်းရေးပြီဆိုတော့ ကျွဲကူးရေပါဆိုသလို ဆရာလေးကို နှစ်ကာလများစွာ ပါရမီဖြည့်ခဲ့ဖူးတဲ့ ဆရာလေးရဲ့ သူငယ်ချင်း ကိုအောင်ကြင်နဲ့ မိသားစုရင်းချာပမာ အပြန်အလှန်စောင့်ရှောက်ကြတဲ့ ကိုသိန်းနိုင်တို့မိသားစုကိုလည်း ချန်လှပ်ထားလို့ မရပါဘူး။ ဆရာလေးရဲ့လူနာများအဖြစ် ကျွန်မတို့ သူငယ်ချင်းတစ်သိုက်ရဲ့ မိဘများတင်မကဘဲ ကျွန်မတို့ကိုယ်တိုင်လည်း ဆရာလေးရဲ့ ဆေးကုသမှုကို ခံယူခဲ့ဖူးပါတယ်။ ဆရာလေး၊ ကိုအောင်ကြင်၊ ကိုသိန်းနိုင်တို့နဲ့အတူ အခြားသော လူနာများထံကိုပါ လိုက်ပါကူညီခဲ့ကြချိန်က အတူပျော်ရွှင်ခဲ့ကြ၊ အတူလွမ်းဆွတ်ခဲ့ကြရတဲ့ သူငယ်ချင်း မြသွေးရည်ကိုလည်း သတိရစရာတွေအများကြီးမို့ ထည့်သွင်းရေးသားထားပါတယ်။

သည့်အပြင် ဆရာလေးက သူ့အတွက် လက်ဆောင်ပေးထားတဲ့ ဆရာမောင်ညိုပြာနဲ့ ဆရာမခင်ဝင်းသစ်တို့ရဲ့ကဗျာများကို ထုတ်ပေးသည့်အတွက် အသုံးပြုခွင့်တောင်းပြီးအမှတ်တရ ထည့်ဖြစ်ပါတယ်။ သည့်အတွက် ကျွန်မရဲ့စာပေအစ်ကိုအစ်မများရဲ့ ကျေးဇူးကို မေ့မရနိုင်ပါ။

"မေတ္တာသမားတော်" ကဗျာကို ဝတ္ထုအမည်အဖြစ်ပါအသုံးပြုခွင့်ပေးရုံမကဘဲ ကျွန်မစာမူကို အစမှအဆုံးတိုင်ဖတ်ရှုပြင်ဆင်ပေးတဲ့ ဆရာမ မအိနဲ့ ဆရာလေးတို့အား လည်းကောင်း၊ မျက်နှာဖုံးသရုပ်ဖော်ပန်းချီရေးဆွဲပေးသော ဆရာတော်တီဆွေအား လည်းကောင်း၊

မိသားစုနဲ့ ပတ်သက်တဲ့အကြောင်းအရာများကို ပြောပြပေးပါသော ဆရာလေးရဲ့ညီမများဖြစ်ကြတဲ့ ဒေါ်ဖြူဖြူစန်း၊ ဒေါ်ဖြူဖြူစံ၊ ဒေါ်နီနီဝင်းတို့ကို ကျေးဇူးအထူးတင်ရှိပါတယ်။

ဆရာလေးရဲ့ အများအကျိုးဆောင်ရွက်မှုများကို ရေးရရင်ဖြင့် ကုန်နိုင်ဖွယ်ရာ မရှိပါ။ ဒီဝတ္ထုမှာပါဝင်တဲ့ အကြောင်းအရာတွေဟာ ဖြစ်ရပ်မှန်များထဲမှ တစ်စိတ်တစ်ဒေသ ဝတ္ထု

mgyoe.com

mgyoe.com  SAMPLE BOOK 

လတ်တစ်ပုဒ်စာမျှသာ ဖြစ်ပါတယ်။

ဒီစာအုပ်ဖြစ်မြောက်အောင် ကွန်ပျူတာ စာစီပေးတဲ့ သမီး အေးသီတာကိုလည်း ကျေးဇူးတင်ရှိပါတယ်။

ချစ်ခင်လေးစားစွာဖြင့်
**သန်းမြင့်အောင်**
**၁၇-၁-၂၀၂၅**

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

ပရဟိတဆိုတဲ့စကားကို လူတိုင်းပါးစပ်ဖျားမှာ ရေပန်းမစားခင်ကတည်းက လူ့ပတ်ဝန်းကျင်မှာ ရှိနှင့်နေပြီးသားလူတစ်ယောက် ...

ကျန်းမာရေးနဲ့အတူ တစ်စုံတစ်ရာ လိုအပ်နေသူများရဲ့ အားကိုးအားထားပြုခြင်းကို ခံရတဲ့လူ၊ အများအတွက်လူဖြစ်ရခြင်းအနေအထားမှာပဲ နေပျော်တဲ့သူတစ်ယောက်အဖြစ် လူ့အဖွဲ့အစည်းအတွင်း ကျင်လည်ခဲ့သူတစ်ယောက်အကြောင်းပါ...

သူ့ကို ကဗျာဆရာမ မအိက ဒီလို အမှတ်တရ ရေးဖွဲ့ပါတယ် ...

"မေတ္တာသမားတော်"
ပညာတတ်ပေမဲ့
ထည်ထည်ဝါဝါနေလေ့မရှိ
တစိုးတစိ ဟိတ်ဟန်ကင်းကင်း
ရိုးသားပျူငှာခြင်းအတိနဲ့ လူ
သူ ...ဒေါက်တာတင်စံဦး
စေတနာဝေဖြာညွှတ်နူး
ဘယ်လိုဝိညာဉ်တွေ ပူးကပ်
နော်မန်ဗတ်သွန်း ...
ချေဂွေဗားရား ...
နိုက်တင်ဂေးနှယ် ကရုဏာထား
သူလိုသမားတော် ရှားပါဘိ။

mgyoe.com

mgyoe.com

SAMPLE BOOK


လူနာတစ်ဦးချင်းအတွက်
အာဟာရ
ဆေးဝါး ထမင်း ဓာတ်စာ
အစာလိုသူ အစာပေး
ထမင်းဆာသူ ထမင်းကျွေး
ဆေးဝါးလိုသူ ဆေးဝါးပေး
လမ်းစရိတ်လေးတောင် မမေ့မလျော့။
အတွေးအခေါ်အယူအဆ
ပြည်သူ့ဘက်က ဆရာဝန်
ပကာသန မခင်မင်
ဆင်ဆင်ခြင်ခြင်ဘဝ လမ်းကြောင်း
ခယောင်းလမ်းပါပဲ
အသပြာမမက် ဂုဏ်မမက်
ပြည်သူ့အကျိုးပြုသက်သက်
ရှင်တို့ ကျွန်မတို့အတွက် သမားတော်
ကမ္ဘာကျော်မဟုတ်သော်မှ
အများစုယုံကြည်ဖော် အားကိုးရာ
ကိုယ်ကျိုးစွန့်ရှာသူတစ်ဦးအဖြစ်
ကမ္ဘည်းတွင်ရစ်မည့်အကြောင်း
သောင်းသောင်းဖျဖျ ထောက်ခံ
ရာသက်ပန် စိတ်ချမ်းသာ ကိုယ်ကျန်းမာ
ရောဂါ ဝေဒနာ အတွင်းအပြင် ကင်းပ
လန်းဖြာခြင်းအပြည့်အဝ ရှိပါစေကြောင်း
မိတ်သင်္ဂဟအပေါင်းက တောင်းဆုချွေသည်
အသက်တစ်ရာ့နှစ်ဆယ်ရှည်စေသော်။ ။

**မအိ**

(ဆရာလေးဒေါက်တာတင်စံဦးအတွက် အမှတ်တရ)

mgyoe.com

mgyoe.com  SAMPLE BOOK 

"ဆရာလေး Dr.တင်စံဦးနဲ့ ချစ်ခင်ရင်းနှီးသူများအား တလေးတစား ဖိတ်ကြားအပ်ပါသည်။

Dr.တင်စံဦးနှင့်မောင်နှမများမှ ၁၄.၁၂.၂၀၂၄ စနေနေ့ နံနက် ၁၀း၀၀နာရီတွင် ဆည်းဆာရိပ် ဂိလာနဘိုးဘွားများရိပ်သာ၌ အလှူငွေပေးအပ်ခြင်းနှင့်အတူ မိတ်ဆွေသင်္ဂဟများအား တွေ့ဆုံလိုပါသဖြင့် ဆရာလေး Dr.တင်စံဦးနှင့် ရင်းနှီးကျွမ်းဝင်သူများအား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ Dr.တင်စံဦးနှင့် မောင်နှမများမှ အုန်းနို့ခေါက်ဆွဲဖြင့် တည်ခင်းဧည့်ခံပါမည်။"

ဤဖိတ်ကြားချက်ကို ဆရာလေး Dr.တင်စံဦးဆီက အတည်ပြုချက် ရယူပြီးနောက် ချစ်ခင်ရင်းနှီးသူများကို အချင်းချင်း လက်ဆင့်ကမ်းပြီးပါမှ ဖုန်းမက်ဆေ့၊ မက်ဆင်ဂျာများမှ တစ်ဆင့် သတင်းပေးဖြစ်ကြပါတယ်။

သည်အစီအစဉ်ကိုဖြစ်မြောက်ဖို့ စတင်လှုံ့ဆော်သူက ပခုက္ကူမြို့မှာ နေတဲ့ ဆရာလေးရဲ့ အဖေတူ အမေကွဲ ညီမ ဖြူဖြူစံပဲ ဖြစ်ပါတယ်။

ဖြူဖြူစံနဲ့ ကျွန်မက မိတ်ဆွေများနဲ့ ကျွန်မကာလတစ်ခု ဝေးကွာခဲ့ရပြီး ပြန်လည် ဆုံဆည်းကြတဲ့ ၂၀၂၃ ခုနှစ် မေလမှာ ဆရာလေး ပင်လုံဆေးရုံတက်တဲ့အချိန် ပထမဆုံး တွေ့ဆုံခင်မင်ခဲ့ရသူပါ။ သူက ဆရာလေးနဲ့ အတူ ရန်ကုန်မှာနေတဲ့ ညီမဖြူဖြူစန်းလို အေးဆေး ငြိမ်သက် အခြယ်အသ ကင်းပြီး နှုတ်ဆိတ်တဲ့သူမျိုး မဟုတ်ပါဘူး။ ဖြူဖြူစန်းက ဘီလူးကျွန်း ရှာလွတ်ရှာသူ၊ ဆရာလေးနဲ့ အဖေတူအမေတူ ကျောင်းဆရာမ အငြိမ်းစား တစ်ယောက်ပါ။

ပခုက္ကူက ညီမ ဖြူဖြူစံက အတော်ချောပါတယ်။ သူ့ကိုယ်သူ ချောမောလှပအောင်လည်း ဝတ်စားပြင်ဆင် နေထိုင်တတ်ပါတယ်။ အလုပ်တာဝန်ကြားမှာ လူပေါင်းများစွာနဲ့ ဆက်ဆံနေသူမို့ စကားအရာမှာ လိုက်လှဲပျူငှာ ဝေဝေဆာဆာပြောတတ်သူတစ်ယောက်ပါ။ လူချင်း မမြင်ဖူးပေမဲ့ ဆရာလေးကြောင့် ကျွန်မတို့အချင်းချင်း တစ်ယောက်ကိုတစ်ယောက် သိနေ

mgyoe.com

mgyoe.com
SAMPLE BOOK


တာတော့ ကြာပါပြီ။ ဒါကြောင့် လူချင်းတွေ့တဲ့အခါမှာ ကျွန်မတို့ချင်း ချက်ချင်းကို ရင်းနှီးသွားကြပါတယ်။ သူက ဝန်ထမ်းတစ်ပိုင်း၊ ကုန်သည် တစ်ပိုင်းမို့ သူ့အစ်ကိုရဲ့ ကျန်းမာရေးကို ရတဲ့အချိန်လေးမှာ ရန်ကုန်ကို ပြေးပြေးလာကြည့်ရသူပါ။ သူတို့ရဲ့ ညီမအငယ်ဆုံး နီနီဝင်းနေတဲ့ သဃ်န်း ကျွန်းအိမ်ကနေ ဆေးရုံကို လာကြည့်ရင်း တွေ့ကြတာမို့ နီနီဝင်းနဲ့ပါ ကျွန်မ ခင်မင်ရင်းနှီးသွားပါတယ်။ ဆရာလေးတို့ ကျွန်မတို့ ကာလကြာရှည် ခင်မင် လာခဲ့ပေမဲ့ ဆရာလေးညီမတွေနဲ့ ကျွန်မတို့ မဆုံဖြစ်ခဲ့ပါဘူး။ ကျွန်မတို့နဲ့ တောက်လျှောက် မောင်နှမလို၊ သူငယ်ချင်းလို နေထိုင်လာတဲ့ ဆရာလေး တင်စံဦးရဲ့ ညီမသုံးယောက်ကို အဲဒီအချိန်ကျမှ ဆရာလေးရဲ့ လည်ချောင်း အသံအိုးကင်ဆာဝေဒနာကို အကြောင်းပြုပြီး တွေ့ဆုံရင်းနှီးရတာပါ။ ဖြူဖြူစံ ရော နီနီဝင်းဟာ ဆရာလေးနဲ့ ဖြူဖြူစန်းတို့ မောင်နှမလို လူပျိုကြီး အပျိုကြီး တွေမဟုတ်ဘဲ အိမ်ထောင်ရှင် သားသမီးတွေနဲ့မို့ အရေးကြုံမှ ဆုံရတာလို့ပဲ ပြောရမှာပါ။

တစ်ခုတော့ ရှိပါတယ်။ ကျွန်မတို့ကို ဆရာလေး တစ်ခါတလေ ပြောတတ်တဲ့ ကျွန်တော့် အဖေက မိန်းမရှစ်ယောက်ယူခဲ့တာဆိုတဲ့စကားက သူ့အတည်ပြောခဲ့တဲ့သက်သေဆိုတာ ကျွန်မ ယုံလိုက်ရပါတယ်။ တကယ့်ကို လူမှုဆက်ဆံရေးကောင်းတဲ့ ဖြူဖြူစံကြောင့် ကျွန်မတို့ နောက်ပိုင်း လူချင်း မတွေ့ပေမဲ့ ဖုန်းနဲ့၊ ဖေ့စ်ဘုတ်ခ် မက်ဆင်ဂျာနဲ့ မကြာခဏ တွေ့ဖြစ်ကြပါ တယ်။

ယခုပွဲကိုလည်း သူကပဲ စတင်စေ့ဆော်ခဲ့တာပါ။ တစ်နေ့မှာ သူက ကျွန်မကို ဖုန်းဆက်ပြီး ပထမဦးဆုံး ကျွန်မဒူးခေါင်းအရွတ်ပြဲသွားလို့ ဝှီးချဲနဲ့နေရပုံ၊ လေးချောင်းထောက်နဲ့ လျှောက်နေရပုံတွေကို သိသိချင်း အဝေးကနေ သတင်းမေးပါတယ်။ ကျွန်မကလည်း အိမ်မှာ ငြိမ်ငြိမ်လေး နားနေလို့မရဘဲ တချို့ကိစ္စတွေကို လေးချောင်းထောက်နဲ့ပဲ သွားလာ ဆောင် ရွက်နေရတဲ့အကြောင်း ပြောဖြစ်ပါတယ်။ ပြီးတော့မှ သူက...

"မမရေ မမကိုပဲ အပူကပ်ရတော့မှာပါပဲ၊ ညီမလေး ပြီးခဲ့တဲ့အခေါက် ရန်ကုန်လာတုန်းက ကိုကို့ဆီသွားတာ သူ အရမ်းဆုတ်ယုတ်သွားသလိုပဲ။ ညီမတို့ကို အမှတ်တရဓာတ်ပုံ ရိုက်ရအောင်ဆိုပြီး ဝရန်တာကိုထွက်ပြီး

mgyoe.com

mgyoe.com SAMPLE BOOK


ဓာတ်ပုံအတူရိုက်တယ်။ ကိုကိုတစ်ခါမှ ဒီလိုမလုပ်ဖူးဘူး။ ညီမ တော်တော် စိတ်ထိခိုက်သွားတယ်။ ကိုကို ထူနိုင် ထနိုင်တုန်းလေး ကိုကို့အတွက် အလှူလေး လုပ်ပေးချင်တယ်။ အဲဒါ မမပဲ စီစဉ်ပေးပါနော်"ဆိုပြီး သူ့အစ်ကို အခြေအနေမကောင်းတဲ့အကြောင်း ပြောပြတယ်။ ကျွန်မကလည်း ဆရာလေးနဲ့ မတွေ့တာ ရက်အတန်ကြာသွားလို့ ဆရာလေး အခြေအနေကို မသိလိုက်တာ ဖြစ်မှာပါ။

"ညီမက ဆယ်သိန်း မ,တည်မယ်၊ ကျန်တဲ့ ညီမနှစ်ယောက်ကလည်း နည်းနည်းစီ ပါဝင်ကြမယ်၊ အဲဒီငွေကို ကိုကို့လက်နဲ့ ကိုင်ပြီး လှူစေချင်တာပါ။ ကိုကို့သူငယ်ချင်းတွေ၊ ကိုကိုနဲ့ ရင်းနှီးတဲ့ စာရေးဆရာတွေကိုလည်း ဖိတ်ပြီး ကိုကိုနဲ့ တွေ့ဆုံစေချင်တယ်၊ ညီမတို့ ပိုက်ဆံကို မမလက်ထဲ ထည့်ပါမယ်၊ သူ့မိတ်ဆွေဧည့်သည်တွေကို ကိုကိုကြိုက်တဲ့ အုန်းနို့ခေါက်ဆွဲနဲ့ ဧည့်ခံချင်တယ် မမ"လို့ပြောပါတယ်။

"အဲဒါတွေအားလုံး မမ လုပ်ပေးနိုင်ပါတယ်၊ ဒါပေမဲ့ ညည်းတို့အစ်ကိုကိုရော ပြောပြီးပြီလား၊ သူကရော သဘောတူရဲ့လား၊ သူ့ဆန္ဒကို အရင်မေးဦးနော်" လို့ဆိုတော့

ကျွန်မစကားမဆုံးခင် သူက အလုအယက် ပြန်ပြောရှာတယ်။

"တူတယ်မမ၊ တူတယ် ညီမ ပြန်ခါနီးတစ်ခေါက် သူ့ဆီတက်ပြီး အဲဒီအကြောင်းပြောလိုက်တယ်၊ ကိုကို့လက်နဲ့ ကိုကိုလှူချင်တဲ့ဆီကို လှူပေးပါ။ ဘယ်ကိုလှူချင်တာလဲလို့မေးတော့ ဘိုးဘွားတွေကို လှူချင်တယ်လို့ ပြောပါတယ်၊ ညီမ နောက်အားရက်ရရင် တစ်ခေါက်ပြန်လာပြီး ဒီပွဲလေး လုပ်မယ်နော်လို့ ကိုကို့ကိုပြောခဲ့တယ်။ အဲဒါ ညီမ ဒီလထဲမှာပဲ ရန်ကုန်လာပြီး လုပ်ချင်တယ် မမ စီစဉ်ပေးမှဖြစ်မှာ"

လို့ ဆိုလာပါတယ်။

ကျွန်မက ဆရာလေးအကြောင်းကို သိနေသူမို့

"အေးပါ စီစဉ်တာက စီစဉ်ပါမယ်၊ အစ်မကိုယ်တိုင်လည်း သူ့ကို သွားမေးကြည့်ပါဦးမယ်" လို့ပြောပြီး သူရန်ကုန်လာမယ့်ရက်မှာ အလှူလုပ်ဖို့ ညီအစ်မတွေ တိုင်ပင်ကြတယ်၊ ဖြူဖြူစံက သူ့အစ်ကိုပွဲမှာ သူ့အစ်ကိုကို ချစ်ကြတဲ့ မိတ်ဆွေသင်္ဂဟတွေ၊ စာပေသမားတွေကို သူလည်း ဆုံတွေ့

mgyoe.com

mgyoe.com
SAMPLE BOOK

ချင်သလို ရန်ကုန်မှာရောက်နေကြတဲ့ သူနဲ့ မကွေးတက္ကသိုလ်အတူတက်ဖက် သူငယ်ချင်းတွေကိုလည်း ဖိတ်ပြီး အစ်ကိုနဲ့ တွေ့ပေးချင်သတဲ့။

ဒီတော့ ပရိသတ်ကိုတွက်လိုက်ကြတာ အနည်းဆုံး ၇၀ လောက် တော့ ရှိမယ်ထင်တယ်။ တစ်ခါတလေမှ တွေ့ရတဲ့ မိတ်သင်္ဂတွေ၊ စာပေ သမားတွေ၊ ဆရာလေးတို့ ကျွန်မတို့ အဝန်းအဝိုင်းတွေက တွေ့ပြီးရင် လူစုခွဲဖို့ အတော်အားယူရတာမို့ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး နားနား နေနေ တွေ့ကြရဖို့ ကျယ်ကျယ်ပြန့်ပြန့်ရှိတဲ့ ပုလဲမြို့သစ်က အနုပညာ ဆည်းဆာရိပ်နေရာကို ရွေးချယ်လိုက်တယ်။ ပုလဲမြို့သစ်မှာရှိတဲ့ ဘုန်းဘုန်း ဦးလှတောကျောင်းဝင်းထဲက အနုပညာဆည်းဆာရိပ်မှာ ဆရာလေးဦးဆောင် ကျင်းပခဲ့တဲ့ ကဗျာဆရာမောင်ခိုင်မာ ကွယ်လွန်ခြင်း ၁၉ နှစ်မြောက် အထိမ်း အမှတ်ပြုလုပ်ခဲ့တဲ့နေရာအဖြစ် အားလုံးကလည်း သိပြီးသား။ အနုပညာရှင် ဘိုးဘွားတွေရှိတဲ့နေရာဖြစ်လို့လည်း လူစုံရင် ပွဲနဲ့သက်ဆိုင်တဲ့ အမှတ်တရ စကားတွေပြောကြ၊ ကဗျာရွတ်ကြနဲ့ အနုပညာအရိပ်အာဝါသ အဝန်းအဝိုင်း မို့ ရွေးချယ်လိုက်ရတာ ဖြစ်ပါတယ်။ ဖြူဖြူစုံက သူဖိတ်ကြားရမယ့် သူငယ် ချင်းတွေကို လမ်းညွှန်ရမှာမို့ လိပ်စာတောင်းတယ်။

"ပုလဲမြို့သစ်အထိ လာရမှာဆိုတော့ နည်းနည်းတော့ ဝေးတော့ ဝေး တယ်နော် မမ၊ ဒါပေမဲ့ ရပါတယ်လေ၊ ကားရှိတဲ့လူက စုခေါ်လာပေါ့၊ ကိုကို့အလှူ အထမြောက်ဖို့နဲ့ သူ့အပေါင်းအသင်းတွေနဲ့ အတူတကွ လွတ် လွတ်လပ်လပ်ဆုံဖို့က အရေးကြီးပါတယ်။ ကိုကိုကြိုက်တဲ့ အုန်းနို့ခေါက်ဆွဲနဲ့ ဧည့်ခံဖို့ စီစဉ်ပေးပါနော် မမ"

သူ့တောင်းဆိုချက်အရ ကျွန်မအနေနဲ့ အနုပညာဆည်းဆာရိပ်ကို ရွေးချယ်လိုက်ရခြင်းဟာ အဓိကအချက်ကိုပြောရရင် စာပေ ဂီတ ရုပ်ရှင် သဘင် အနုပညာရှင်ဘိုးဘွားများ နေထိုင်ရာရိပ်သာမို့ အခမ်းအနား လာကြ သူတွေနဲ့ အဘိုးအဘွားတွေ တွေ့ဆုံနွေးထွေးစေချင်တာရယ်၊ နေရာထိုင်ခင်း ကျယ်ပြန့်လွတ်လပ်တာရယ်ကြောင့်ဖြစ်တဲ့အကြောင်း ပြောပြတော့ သူလည်း သဘောကျသွားပါတယ်။

တယ်လီဖုန်းနဲ့ပဲ သူနဲ့ကျွန်မ တိုင်ပင်ကြရတာပါ။

နောက်တစ်ခုက အုန်းနို့ခေါက်ဆွဲမှာဖို့ လူအရေအတွက် ဆွေးနွေးကြ

mgyoe.com

mgyoe.com
SAMPLE BOOK


တော့ သူ့မိတ်ဆွေတွေ လာတာ မလာတာ အပထား၊ ၃၀ လောက်တော့ ရှိမယ်လို့ ခန့်မှန်းတယ်။ ကျွန်မတို့ ဆရာလေးတို့ မိတ်ဆွေအပေါင်းအသင်း တွေနဲ့ဆို လူ ၁၀၀ စာလောက် စီစဉ်မယ်လို့ ဆုံးဖြတ်လိုက်ကြတယ်။

သူရန်ကုန်လာမယ့်နေ့နဲ့တိုက်ပြီး ၁၄.၁၂.၂၀၁၄၊ မနက် ၁၀း၀၀ နာရီ၊ အနုပညာဆည်းဆာရိပ်လို့ အကြမ်းသတ်မှတ်လိုက်ပါတယ်။

ဒါက ကျွန်မနဲ့ ဖြူဖြူစံ အစီအစဉ်ပါ။ အဲဒီကိစ္စကို ဖြူဖြူစံက ဆရာ လေးနဲ့အတူနေတဲ့ ညီမဖြူဖြူစန်းကိုပြောပြီး ဆရာလေးဆီက သဘောတူညီ ချက်ယူပြီးမှ ညီအစ်မနှစ်ယောက် အတည်ပြုလိုက်ကြပါတယ်။ ကျွန်မက လည်း အနုပညာဆည်းဆာရိပ်က အမှုဆောင်မောင်နှမများနဲ့ တိုင်ပင်ပြီး စီစဉ်စရာရှိတာတွေကို စီစဉ်ရပါတယ်။ အနားနီးမှ ဆရာလေးနဲ့ သွားတွေ့ပြီး တော့ သူ့ဆန္ဒကို ထပ်မေးရင်း သူလုပ်ချင်တာကိုပဲလုပ်ပေးဖို့ စိတ်ကူးထားပါ တယ်။

ဘာဖြစ်လို့လဲဆိုရင် ဆရာလေးနေထိုင်ရာ ပထမထပ် အခန်းကို တက်ဖို့ရာ မက်စောက်တဲ့လှေကားထစ်တွေကို လေးချောင်းထောက်နဲ့ ကျွန်မ မတက်နိုင်သေးလို့ပါ။ အတူနေ ညီမ ဖြူဖြူစန်းကိုပဲ ဖုန်းနဲ့ ဆက်သွယ်နေ ရပါတယ်။ ဖြူဖြူစန်းဆီက သတင်းစကားတွေကို ကြားရတာလည်း အားမရ လှပါ။

"အစ်မရေ ကိုကိုက လက်ဖက်ရည်ဆိုင် မထွက်နိုင်တာကြာပြီ"

"အစ်မရေ တစ်နေကုန်အိပ်နေပြီး ညနေကျတော့ ထပြီး ရေမိုးချိုး အဝတ်အစားလဲ အောက်ထပ်ဆင်းမလို့ ပြင်ပြီးခါမှ ငါ နေလို့မကောင်းဘူး ဆိုပြီး ခုတင်ပေါ် ပြန်ခွေလိုက်ပြန်ရော"

"ထမင်းရော စားရဲ့လား"လို့ စိတ်ပူပြီး ကျွန်မမေးတော့

"ကိုသိန်းနိုင် မိန်းမလေးက ကိုကိုကြိုက်တဲ့ အုန်းနို့ခေါက်ဆွဲ တစ်ပတ် တစ်ခါလောက် ချက်ကျွေးတယ်၊ အဲဒါကျ သူစားနိုင်တယ်၊ ထမင်းတော့ သိပ်မစားဘူး၊ လူလည်း နည်းနည်းပိန်သွားသလိုပဲ"

ဆိုတာတွေ ကြားနေရတော့ စိတ်ထဲ ဇဝေဇဝါဖြစ်လာတယ်၊ လူနာ တွေကို အိပ်ရေးဝအောင်အိပ်ဖို့၊ ကျွန်မတို့ လူကောင်းတွေလည်း တစ်နေ့ကို အိပ်ချိန်ပုံမှန် ၈ နာရီပြည့်ဖို့ဆိုတာ လွန်ခဲ့တဲ့ အနှစ် ၃၀ လောက်ကတည်းက

mgyoe.com

mgyoe.com


ဆရာလေး ပြောနေကျစကား၊ သူ့ကိုယ်သူလည်း အဲဒီအတိုင်း ပြုမူနေထိုင်တဲ့သူ၊ ဆရာလေးကုသပေးခဲ့တဲ့ လူနာတွေထဲမှာ တစ်ယောက်အပါအဝင် ဖြစ်တဲ့ ကျွန်မ မေမေဆိုရင် နေမကောင်းလို့ ဆရာလေးရဲ့ ကုသမှုခံယူပြီဆိုတာနဲ့

"ဆရာ ကျွန်မဆိုင် ဘယ်နှရက်ပိတ်ရမှာလဲ"

လို့ စမေးပစ်တာ၊ ဆရာလေးပြောတဲ့အတိုင်း အပြည့်အဝ အနားယူလိုက်ခြင်းနဲ့ ဆရာလေးရဲ့ ကုသချက် ပေါင်းစပ်လိုက်တဲ့အခါ သားသမီးတွေက ထင်မှတ်မထားတဲ့ ရလဒ်ကောင်းတွေကြောင့်လည်း လူကြီးတွေပါးစပ်ဖျားမှာ ဆရာလေး ...ဆရာလေးနဲ့ စွဲနေကြတာ။ ဆရာလေးရဲ့ လူနာဖြစ်ဖူးတဲ့လူတွေကို ပြောရရင်တော့ ကုန်နိုင်မယ်မထင်ပါဘူး။ စာပေနဲ့အနုပညာလောက၊ နိုင်ငံရေးလောကတင်မက ရပ်ထဲရွာထဲက ဆင်းရဲနွမ်းပါးသူတွေပါမကျန် သူ့ကို ချစ်ခင်အားကိုးကြတယ်။ လူနာရှိရာ ကိုယ်တိုင်သွားခြေကြွခ အခမဲ့၊ စမ်းသပ်ခအလကား၊ လိုအပ်တဲ့ဆေးကိုအိတ်စိုက်၊ ဆေးဒဏ်ခံနိုင်ဖို့ အာဟာရလိုရင် ဝယ်သွားတဲ့ဆရာဝန်။ လူနာက သူ့ရှိတဲ့နေရာကိုလာတဲ့အခါ နွမ်းပါးသူဆိုရင် ဆေးလည်းကု၊ လိုအပ်တဲ့ဆေးဝယ်ပေး၊ လက်ဖက်ရည်ဆိုင်ထိုင်ပြီး အဝကျွေး၊ လမ်းစရိတ်ပါပေးလွှတ်တာ။

ဆရာလေး အဲဒီလို လုပ်နိုင်အောင် လူရော ငွေရော ဒိုင်ခံ ပံ့ပိုးသူကကိုအောင်ကြင်ပါ။ သူ့ကို ပန်းအိလို့လည်း ခေါ်တယ်၊ သူက ပန်းအိစံစာပေနဲ့ ပန်းအိစံရွှေပန်းထိမ် လုပ်ငန်းလုပ်သူပါ။ သူက ဆရာလေးနဲ့ထပ်တူကိုယ်ကျိုးစွန့်ရုံမက သူ့ဆီက ငွေကုန်လို့ လိုအပ်ရင် သူ့ညီမတွေဆီကပါအလှူခံပြီး ပါရမီဖြည့်သူပါ။ လှူတာလောက်နဲ့ မလုံလောက်ရင် ညီမလေးတွေ ချွေးနည်းစာနဲ့ ဝတ်စားထားတဲ့ လက်ဝတ်တန်ဆာတွေကို အေးစားပြတိုက်သေးတာ။

"လူတွေ ငတ်နေတာ အများကြီးဟ၊ နင်တို့က အဲဒါတွေ ဝတ်စားပြီး ကြောင်တောင်ကြည့်မနေကြနဲ့၊ တချို့ဆို ငတ်ရုံအပြင် မကျန်းမာလို့ဆေးမကုနိုင်ဘဲ သေသွားတဲ့သူတွေတောင်ရှိတယ်။ ချွတ် ...ချွတ် နင်တို့လက်ထဲကဟာတွေ"

ဆိုပြီး နှမတွေလက်ထဲက လက်ကောက်တွေ၊ လက်စွပ်တွေ ဆွဲချွတ်ခဲ့တာ ဘယ်နှကြိမ်လဲ၊ သူကိုယ်တိုင်က လက်ရာမြောက်တဲ့ ပန်းထိမ်ပညာရှင်

mgyoe.com

mgyoe.com  SAMPLE BOOK 

မို့ ရွှေတန်ဖိုးကို နောကျေပြီးသားလေ။ ကိုအောင်ကြင်အကြောင်း ပြောရရင်လည်း ဆုံးမှာမဟုတ်တော့ဘူး။ ဆရာလေးဆိုတဲ့ ဒေါက်တာ တင်စံဦးလို လူအတွက်များ ကိုအောင်ကြင်ဆိုတဲ့သူဟာ လူ့လောကထဲကို ရောက်လာပြီး တစ်ဘဝလုံး ပေးဆပ်ခဲ့တာထင်ပါရဲ့။ ဒါပေမဲ့ အင်မတန် အပင်ပန်းခံနိုင်ပြီး ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့ ကိုအောင်ကြင်ဟာ ဆရာလေးတို့ ကျွန်မတို့ထက်အရင် လူ့လောကထဲက ထွက်ခွာသွားတာတော့ နှမြောလှတယ်။ သူတို့ နှစ်ယောက်ဟာ ဘယ်အချိန်ကတည်းက နှစ်ကိုယ့်တစ်စိတ် ဖြစ်ခဲ့ကြလဲဆိုတာတော့ ကျွန်မ မသိပါ။ ကျွန်မနဲ့သူတို့ ပြောမနာဆိုမနာ ရင်းနှီးချိန်မှာ ဆရာလေး ဒေါက်တာ တင်စံဦးက ကျောက်မြောင်း ဇောတိကလမ်းမှာ သူ့အစ်မ ဒေါ်စန်းစန်းဦးနဲ့နေပြီး ဓမ္မဝိဟာရလမ်းမှာ ညနေဘက် သမဝါယမဆေးခန်းထိုင်တဲ့ကာလ။

ကိုအောင်ကြင်က သူ့အဒေါ်များ၊ နှမများနဲ့ ကျောက်မြောင်းဈေးထဲမှာ ပန်းအိစံ ရွှေပန်းထိမ်လုပ်ငန်းလုပ်ချိန်၊ ကျွန်မနဲ့ မေမေတို့ ပုဇွန်တောင်ဈေးနဲ့ ကျောက်မြောင်းဈေးမှာ သရက်သီးသနပ်ဆိုင်ဖွင့်ထားတဲ့ကာလ၊ ကျွန်မတို့ သုံးယောက်လုံး တာမွေ ကျောက်မြောင်းသားတွေလည်းဖြစ်၊ စာပေလောကနဲ့လည်း နီးစပ်သူတွေဖြစ်လို့ ဘယ်နှခုနှစ်က ဘယ်အချိန်မှာ ဘယ်လို စတင်တွေ့ပြီး ခင်မင်သွားတယ်ဆိုတာတောင် မမှတ်မိတော့ပါဘူး။ ကျွန်မအထင်ကတော့ ကျွန်မတို့ ချစ်ခင်လေးစား အားကျရာ စာရေးဆရာ ကဗျာဆရာကြီးတွေ စုဝေးတတ်တဲ့ အင်းစိန် အေးသိဒ္ဓိ စနေစကားဝိုင်း၊ ရွှေဘုံသာလမ်း စန္ဒာဆေးခန်းက ဆရာမောင်ညိုပြာ ဒိုင်ခံ ဧည့်ခံတဲ့ သဲဝါချစ်တီးထမင်းနဲ့ လက်ဖက်ရည်ဆိုင်တွေကနေစတင်ပြီး စာရေးဆရာများစွာ၊ စာပေချစ်သူများစွာနဲ့ တွေ့ကြုံရင်းနှီးခဲ့ရတယ်လို့ ထင်တာပါပဲ။ အများက အစအစလို့ခေါ်တဲ့ အင်းစိန်စနေဝိုင်းဟာ အင်မတန်စိုပြည်ပြီး စိတ်ဝင်စားစရာကောင်းတယ်။

ဆရာတင်မိုး၊ ဆရာမောင်လင်းယုန်(ရှမ်းပြည်)၊ ကဗျာဆရာ မောင်ခိုင်မာ၊ ဆရာကြည်နိုင်၊ ဆရာယဉ်မင်းပိုက်၊ ဆရာမောင်တင်ဆင့်၊ ဆရာမခင်နှင်းဦးတို့ရှိရာ အင်းစိန်ဟိုဘက် အေးသိဒ္ဓိ လက်ဖက်ရည်ဆိုင်ကို အလျဉ်းသင့်သလို ဆရာဖျာပုံနီလုံဦး၊ ငြိမ်း (ဒဿန)၊ သန့်စင်အေး၊ မြသွေးရည်၊

mgyoe.com

mgyoe.com
SAMPLE BOOK


မိချမ်းဝေ၊ ကျွန်မနဲ့အခြားစာရေးဆရာ ကဗျာဆရာတွေ ရောက်ရောက်လာတတ်တယ်။ အခုနေပြောရင်း လွမ်းမိတာက တစ်ခါတစ်ရံ စနေဝိုင်းဆရာတွေဟာ စကားဝိုင်းပြီးရင် ကျွန်မရှိရာ ပုဇွန်တောင်ဈေးကိုဝင်လာကြပြီး ပုဇွန်တောင်တပ်မြေထဲက မြန်မာဆန်ဆန် ခုံဝိုင်းလေးနဲ့ ဖျာပေါ်ထိုင်စားရတဲ့ ထမင်းဆိုင်ဆီသွားကြတယ်။ ကျွန်မက ဆရာတို့ကို အဲဒီဆိုင်ကလေးမှာ အမြဲတမ်း ဧည့်ခံပြီး ဈေးထဲက လက်ဖက်ရည်ဆိုင်မှာ ဆက်ထိုင်ကြသေးတယ်။

တလောကတင် ဆရာဖျာပုံနီလုံဦးနဲ့တွေ့တော့ ဆရာက အဲဒီထမင်းဝိုင်းကလေးကို လွမ်းကြောင်း ကျွန်မကို ပြောသေးတယ်။ လွမ်းစရာတွေများ ပြောရမယ်ဆိုရင် ဆရာတင်မိုး မြန်မာပြည်ထဲကနေ ဗြုန်းခနဲ ပျောက်ရှ ကျွန်မတို့ လွမ်းတ စိုးရိမ်နေရတဲ့ကာလမှာ တစ်နေ့တော့ အင်းစိန် စနေဝိုင်းကို ခက်ခက်ခဲခဲ ပို့လိုက်တဲ့ ပို့စ်ကတ်လေးတစ်ခု ရောက်လာတယ်။ အဲဒီပို့စ်ကတ်လေးရဲ့ နောက်ကျောမှာ ဆရာ့လက်ရေးနဲ့ စနေဝိုင်းတော်သားတွေ နာမည်ကို အဖျားဆွတ်ပြီး လူစုံအောင် ရေးထားတာ။ နောက်ဆုံးမှာ ဆရာလေးစံနဲ့ ဂမ္ဘီကိုလည်း သတိရတယ်လို့ မမေ့မလျော့ ရေးပေးလိုက်ပါသေးတယ်။ ဂမ္ဘီဆိုတာက ကျွန်မကို ပြောတာပါ။ ကျွန်မတို့ ပုဇွန်တောင်ဈေး ကထိန်အောင်ပွဲမှာ ရာမာယဏ ဇာတ်တော်ကြီး ကကြတော့ ဒသဂီရိရဲ့နှမတော် ဂမ္ဘီအဖြစ် ကျွန်မ ပါဝင်ကပြတာကို ဆရာက သဘောကျပြီး ကျွန်မကို ဂမ္ဘီကလောင်အမည်ခွဲနဲ့ စာရေးဖို့ တိုက်တွန်းခဲ့ဖူးတယ်။

နောက်ကျွန်မတို့ ညနေတိုင်းလိုလို ဆရာ မောင်ညိုပြာရှိရာ ရွှေဘုံသာလမ်းမှာ စုဝေးမိရာမှာ ဆရာကိုရိုးကွန့်၊ ဆရာမောင်ခင်သာ၊ ဆရာမ ခင်ပန်နှင်း၊ ဆရာမ မအိ၊ မိချမ်းဝေ၊ မရီဝေ၊ ဝိုင်းဝိုင်း၊ မမွှေး၊ ရာသက်ပန်၊ ဇွန်ပွင့် အစရှိတဲ့သူတွေ တစ်နေ့မဟုတ် တစ်နေ့ လာကြသလို အင်းစိန်စနေဝိုင်းက ဆရာတွေကလည်း အမြဲလိုလို ရောက်လာလေ့ရှိကြတယ်။ ၃၃–လမ်းက လေထန်ကုန်းကို ထပ်တူပြုပြီး ညိုပြာကုန်းလို့ အမည်တွင်တဲ့အထိပါ။

သူက ဆရာလေးရဲ့ ရုပ်ပုံလွှာကို ဖွဲ့ထားပုံက
ဒီလိုပါ...

mgyoe.com

mgyoe.com
SAMPLE BOOK


ခေတ်သစ်ဘိုးသူတော်တစ်ဦး

– သူ့အသက်က ၇၀ နီးပါး
အများက "ဆရာလေး"တဲ့
ကျွန်တော့်အတွက်တော့ ဆရာကြီးပါပဲ
ဖိနပ်မပါတဲ့ဆရာဝန် BARE FOOT DOCTOR ပါ
ကမ္ဘာမှာ နော်မန်ဘက်သွန်း
မြန်မာနော်မန်ဘက်သွန်းက ဒေါက်တာတင်စံဦး
၁၀၀% ပရဟိတ
စာရေးဆရာတွေဆီက လူနာတွေဆီက ခြူးတစ်ပြားမှ မရ၊
မယူ
ကြည်ဖြူလွန်းတဲ့ အမ်ဘီဘီအက်စ်ဆရာဝန်
ခြေကြွခမရတော့
ဘတ်(စ်)ကားနဲ့ သွားရရှာပေါ့
ဘယ်မှာလဲ ဇနီးမိန်းမ
လူပျိုကြီးဘဝ၊ အိမ်မရှိ၊ အိုးမရှိရာ၊
စေတနာမှာ ဘီလျံနာ
ယုတ်မာတဲ့ကင်ဆာ၊ အသံအိုးမှာလာဖြစ်သတဲ့
တောင်ဝှေးလဲရင် ဘိုးသူတော်ကယ်လို့ရပေမဲ့
ဘိုးသူတော်လဲရင် တောင်ဝှေးတွေ စိုးရိမ်ငိုကြွေးရမှာပေ ...။

မောင်ညီပြာ
(သံမဏိတောင်ဝှေး)

ဆရာမောင်ညီပြာဆိုတာက အင်မတန်ဖော်ရွေဖြည့်ဝတ်ကျေပြီး စာပေသမားတွေရဲ့ ကျန်းမာရေးနဲ့ပတ်သက်ရင် လိုအပ်တဲ့ ခတ်ခွဲမှုတွေ အားလုံးကို အခမဲ့ဆောင်ရွက်ပေးနေတဲ့သူပါ၊ ညနေခင်းဆို သူ့ဆီမှာ စာပေသမားတွေ စုံနေရောပဲ။ အဲဒီနှစ်နေရာလုံးကနေပြီး ကျွန်မ စာရေးဆရာတွေ၊ စာပေချစ်သူ

mgyoe.com

mgyoe.com
SAMPLE BOOK

တွေနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့တာ ဆရာလေးနဲ့ ကိုအောင်ကြင်လည်း အပါအဝင် ပါပဲ။ ကျွန်မတို့သုံးယောက်ဟာ ကျောက်မြောင်းသားချင်းမို့ နောက်ပိုင်း ပိုပြီး တွဲဖြစ်သွားတယ်ထင်ပါရဲ့။

တစ်ခါတလေလည်းပဲ ညပိုင်းဆရာလေး ဆေးခန်းဖွင့်တဲ့ ဓမ္မဝိဟာရ လမ်းက သမဝါယမဆေးခန်းဆီ ကျွန်မသွားလည်တယ်။ ဆရာလေး မရောက်သေးရင် သူ့တပည့် မြသက်ဝေနဲ့ စကားပြောရင်း စောင့်ပါတယ်။ ဆေးခန်းဆိုတာ လည်စရာလားလို့ ပြောချင်ပြောကြပါလိမ့်မယ်၊ ဆရာလေး က ဆေးခန်းဖွင့်ရင်း အပေါင်းအသင်းတွေကို မျှော်တတ်သူပါ။ ဆေးခန်း ပိတ်ပြီးရင် လက်ဖက်ရည်ဆိုင်ထိုင်ဖို့ ရည်ရွယ်ချက်နဲ့ ကိုအောင်ကြင်ရယ် ကျွန်မရယ်အပြင် အဲဒီလမ်းမှာပဲနေတဲ့ ဆရာလေးရဲ့လူနာ ကိုထီး (စိုင်းထီး ဆိုင်)ကလည်း လက်ဖက်ရည်ဆိုင်ထိုင်ဖို့လာနေကျမို့ ကျွန်မတို့လေးယောက် ဆရာလေး ဆေးခန်းပိတ်တာနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ကြတယ်။

ဒါနဲ့ တစ်ခါက ကြုံရပုံလေး ပြောပြရဦးမယ်။ ကျွန်မတို့ စာပေ မောင်နှမတွေထဲက ကိုတောက်နေမကောင်းလို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ တက်ရောက်ကုသနေတဲ့အချိန် ကျွန်မ သတင်းသွားမေးတဲ့အခါ မနက်ပိုင်း ဆေးရုံမှာ လူရှင်းနေတယ်၊ ကိုတောက် ခုတင်မှာ လူနာမေးတဲ့သူက ကျွန်မနဲ့ မှ နှစ်ယောက်ပဲ ရှိတယ်၊ စကားအေးအေးဆေးဆေး ပြောလို့ရတယ်။ နောက် တစ်ယောက်က ကျွန်မ အခုမှ လူချင်းမြင်ဖူးတဲ့အဆိုတော် ထူးအိမ်သင်၊ လူနာ ကိုတောက် မျက်နှာက ရွှင်နေသလောက် လူနာသတင်းမေးလာတဲ့ သူက ညှိုးနွမ်းနေတယ်။ ကိုတောက်က သူနဲ့ကျွန်မကို မိတ်ဆက်ပေးပြီး တစ်ဆက်တည်း

"ကိုငှက်က ခုစိတ်ညစ်နေတာ မသန်းမြင့်အောင်ရ။ သူ့သမီးလေး နေမကောင်းလို့ ဆေးခန်းတွေလည်း သွားတာစုံနေပြီတဲ့၊ ကလေးက ခုထိ မသက်သာလို့ ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်နေတာ၊ ခင်ဗျားအသိ ဆရာဝန် လေးဘာလေးရှိရင် ညွှန်ပေးလိုက်ပါဦးဗျာ"

အခုမှ သိတဲ့သူချင်း ကျွန်မ အကြံပေးစရာ နှစ်သိမ့်စရာစကားကို ရုတ်တရက် ရှာမတွေ့လို့ နှုတ်ဆွံ့နေဆဲမှာပဲ ကိုတောက်က

"သူကတော့ အပေါင်းအသင်းများတယ်ဗျ၊ ကျုပ်က အခုလောလော
mgyoe.com

mgyoe.com
SAMPLE BOOK


ဆယ် ခင်ဗျားမြင်တဲ့အတိုင်း ဆေးရုံပေါ်မှာ၊ သူက ဈေးထဲက သူ့ဆိုင်တောင် သူ မြဲအောင်ထိုင်တာမဟုတ်ဘူး။ သူများအလုပ်ပဲ လိုက်လုပ်နေတဲ့သူ"

အဲဒီလို ကိုတောက်က ကျွန်မဘက် လှဲချလိုက်တာနဲ့ ထူးအိမ်သင်ရဲ့ လှုပ်လှုပ်ရှားရှားဖြစ်လာတဲ့ အမူအရာနဲ့ တောက်ပြောင်လာတဲ့ မျှော်လင့်ချက် မျက်ဝန်းတွေကို ကျွန်မ ခုထိ မြင်ယောင်နေသေးတယ်။ ပါးစပ်ကလည်း

"လုပ်ပါဦး အစ်မရယ် ကျွန်တော့်ကို ကူညီပါ၊ သမီး ဖျားနေတာ တစ်ပတ်ကျော်ပြီ၊ အဖျား ၁၀၄ က မကျဘူး၊ ဆေးခန်းတွေလည်း စုံနေပြီ၊ ခုထိ အဖျားမကျသေးဘူး၊ အစ်မအသိ ဆရာဝန်ရှိရင် ပြပေးစမ်းပါ အစ်မ ရယ်"

သြော် စိုးရိမ်သောကကြီးစွာသော နာမည်ကြီး အဆိုတော်တစ်ယောက်ရဲ့ ဖခင်မေတ္တာကို ကျွန်မ အံ့ဩသွားပါတယ်။ အခုမှ မြင်ဖူးတဲ့ ကျွန်မကို သူချက်ချင်း အားကိုးသွားပုံ ဆန်းလွန်းလို့။

ရုတ်တရက် သူ့ကို တုံ့ပြန်ဖို့ရာ နှုတ်ဆွံ့နေမိတယ်။ နောက်မှ ကျွန်မ က

"ရှိတော့ရှိတယ်၊ ဒါပေမဲ့ ကျွန်မအသိဆရာဝန်က ကလေးအထူးကု မဟုတ်ဘူး"

"မဟုတ် ဟုတ်ဟုတ် အစ်မရာ ပြကြည့်ပေးပါ"

"ကိုထူးအိမ်သင် ဘယ်မှာနေလဲ"

"ကျောက်မြောင်း"

"ဒါဆိုအတော်ပဲ ဆရာလေးကလည်း ကျောက်မြောင်းမှာပဲ ညနေကျရင် သူ့ဆေးခန်းကို လိုက်ပို့မယ်" ဆိုတော့ သူက

"ညနေအထိ မစောင့်ချင်တော့ဘူးအစ်မရာ၊ ခုမနက် ဆရာဝန်အိမ် သွားပြလို့ မရဘူးလား၊ ရရင်အခု အစ်မနဲ့ကျွန်တော် လိုက်ခဲ့မယ်။ မိန်းမနဲ့ သမီးကို အိမ်ဝင်ခေါ်ပြီး ဆရာဝန်ဆီ တန်းသွားလိုက်ရအောင်ပါနော်"တဲ့။

ကိုတောက်ကလည်း

"မသန်းမြင့်အောင်ရာ လုပ်ပေးလိုက်စမ်းပါဗျာ၊ တစ်ချိန်လုံးသူ အဲဒါပဲ ပြောနေတာ သူ့သမီးကို သူတော်တော်စိုးရိမ်နေတာ"

ဒါနဲ့ပဲ သူနဲ့ကျွန်မ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကနေ ကျောက်မြောင်း

mgyoe.com

mgyoe.com

SAMPLE BOOK


ရောက်လာတယ်။ ကျွန်မက လမ်းမှာ ဆရာလေး ဒေါက်တာတင်စံဦး အကြောင်း သူ့ကို နည်းနည်းပြောပြခဲ့ရတယ်၊ စေတနာ ဆရာဝန်ဖြစ်တဲ့ အကြောင်း သူက စေ့စပ်သေချာကြောင်း သူ့ကိုအပ်ပြီးကုရင်တော့ သူပြောတဲ့ အတိုင်း လိုက်နာရမှာဖြစ်တဲ့အကြောင်းတွေပေါ့။ တော်ကြာ သူက နာမည် ကြီး အနုပညာရှင်လေ၊ ဆရာလေးက ဒါတွေ ဘာတွေညှာမှာ မဟုတ်ဘူး။ လူနာကိုပဲ အဓိကထားကုမှာ၊ လူနာကိုကြည့်ပြီးမှ လူနာရှင်ကို လိုအပ်တဲ့ဆေး ချက်ချင်းသွားဝယ်ခိုင်း၊ ဝယ်လာတာကို ပြန်ပြလို့ စိတ်တိုင်းမကျမချင်း ဆေးဆိုင်ကို ခြေတိုအောင် ခိုင်းတတ်တဲ့အကြောင်း ကြိုပြောရတယ်။ သူက တော့ သူ့သမီးသာ နေကောင်းမယ်ဆိုရင် ဘာလုပ်ရလုပ်ရဆိုတဲ့ပုံမျိုးပါ။

ဒါနဲ့ ကျွန်မတို့ ကျောက်မြောင်းရောက်ရော၊ သူက အိမ်ထဲ ခဏလေး ဝင်ပြီး ပြန်ထွက်လာတော့ ခြောက်လအရွယ်သမီးလေး မိကွန်ထောလေးကို သူကပွေ့လို့၊ သူ့ဇနီးသည်က ပိုက်ဆံအိတ်ကလေး တံတောင်ဆစ်မှာချိတ်ပြီး သုတ်သီးသုတ်ပျာ ပြန်ထွက်လာကြတယ်။ သူ့ဇနီးကလည်း ဒီလို ချက်ချင်း ကြီး အပြေးအလွှား လာပြန်ခေါ်လိမ့်မယ်လို့ မျှော်လင့်ထားပုံမရပါဘူး။ ကျွန်မစိတ်ထဲမှာ "ဆရာလေးများ အိမ်မှာမရှိရင်တော့" လို့ တွေးပူနေမိသေး တယ်။

စနေ၊ တနင်္ဂနွေနေ့တွေမှာ ကိုအောင်ကြင်နဲ့ ဆေးလည်ကုကြပေမဲ့ ကြားရက်မှာတော့ ကျောက်မြောင်းထဲက လက်ဖက်ရည်ဆိုင်တစ်ခုခုမှာ ရှိမှာ ပါပဲ၊ သူသွားတတ်တဲ့နေရာလေးတွေကို ကြိုတင်စဉ်းစားနေမိတယ်။ အဲဒီ အချိန်တုန်းက ခုလိုလက်ကိုင်ဖုန်းတွေ မရှိကြသေးဘူးလေ၊ သူ့အစ်မက သဘော်သားကတော်မို့ တိုက်နဲ့ တယ်လီဖုန်းနဲ့နေပေမဲ့ အပြင်က ပိုက်ဆံ ပေး ဆက်ရတဲ့ တယ်လီဖုန်းဆိုင်က ရှားနေတုန်း၊ ကျွန်မဖြင့် တစ်ခါမှကို မဆက်ဖူးဘူးဆိုပါတော့...။

တော်ပါသေးရဲ့၊ ဆရာလေးက အိမ်မှာရှိနေလို့။ စွပ်ကျယ်လက်တိုနဲ့ သတင်းစာထိုင်ဖတ်နေတယ်၊ အိမ်မှာနေရင် စွပ်ကျယ်အဖြူလက်တို (လက် ပြတ်ဘယ်တော့မှမဝတ်) အပြင်ထွက်ရင် ရှပ်အင်္ကျီအဖြူတစ်မျိုးပဲ ဝတ်တာ၊ အိမ်ရှေ့မှာ ဖွင့်ထားတဲ့ သံဘာဂျာ တံခါးဝကနေ

"ဆရာလေးရေ လူနာပါတယ်ဗျို့"

mgyoe.com

mgyoe.com
SAMPLE BOOK


လို့ အော်ပြီးဝင်လာတဲ့ ကျွန်မကို လှမ်းကြည့်ပြီး တစ်ဆက်တည်း နောက်က ထူးအိမ်သင်တို့ သားအမိ သားအဖတွေကို မြင်လိုက်တော့–

"ဒီကိုလာ"

သူထိုင်နေတဲ့ ဆက်တီဆီလှမ်းခေါ်တယ်။ ကျွန်မက ကိုတောက်ဆီက နေ အခုသူ့ဆီ ရောက်လာတဲ့အထိ ဖြစ်စဉ်ကို အကျဉ်းချုံးပြီး ပြောပြလိုက် တယ်။ ဆရာလေးက သူတို့လင်မယားကို ကလေးနဲ့ပတ်သက်တာတွေမေး၊ သူတို့ကလည်း ကိုယ်ပူတာ အဖျားမကျတာ ဆေးခန်းတွေစုံတာတွေ ပြော ပေါ့၊ ကျွန်မ စိတ်ထဲ ဆေးပတ်လည်အောင်မကုဘဲ အစိုးရိမ်ကြီးပြီး တစ်နေ့ တစ်တိုက်များ လည်ပြနေလို့ ကလေးက ဒီလောက်နွမ်းဖပ်နေတာများလား လို့တောင် တွေးမိတယ်။

ဆရာလေးက ထူးအိမ်သင်လက်ထဲက စောင်နဲ့ထွေးထားတဲ့ကလေး ကို စားပွဲပေါ်မှာ မတ်တတ်ရပ် ကိုင်ခိုင်းထားပြီး စောင်ကို ဖယ်ပစ်လိုက်ရင်း နားကြပ်နဲ့နေရာအချို့ကို ထောက်စမ်းတယ်၊ ပြီးတော့

"ဒီအတိုင်းပဲ ကလေးကို မတ်တတ်ကိုင်ထား၊ တစ်ယောက်က အပေါ် က အနွေးထည်ကို ချွတ်လိုက်ပါ၊ ဘောင်းဘီရှည်ကိုလည်း ချွတ်ပါ"

ဆိုတဲ့အထိ သူတို့ မျက်နှာမပျက်ကြသေးဘူး၊ ဆရာလေးက ဆက်ပြီး ခြေအိတ်ကိုချွတ်၊ အတွင်းက အင်္ကျီနဲ့ဘောင်းဘီကလေးပါချွတ်ပြီးတဲ့နောက်

"လာ ကလေးချီပြီး ရေချိုးခန်းလိုက်ခဲ့"

ထူးအိမ်သင် မျက်နှာအကြီးအကျယ်ပျက်ပြီး ကျွန်မကို လှမ်းကြည့် တယ်၊ ကျွန်မက နေပါစေ လုပ်ပါစေဆိုတဲ့ မျက်နှာပေးနဲ့ မေးဆတ်ပြလိုက် တယ်။

အိမ်က အောက်ထပ်နဲ့ အပေါ်ထပ်ကို အတွင်းလှေကားနဲ့ ဆက်သွယ် ထားတာဆိုတော့ အပေါ်နဲ့အောက် လှမ်းပြောပြီး အပေးအယူလုပ်လို့ရတယ်။ ဆရာလေးက အပေါ်ထပ်မှာရှိတဲ့ သူ့အစ်မကို လှမ်းခေါ်ပြီး မျက်နှာသုတ် ပုဝါအသစ်ကြီးကြီးတစ်ထည်လောက်ပေးဖို့ လှမ်းတောင်းတဲ့အချိန်မှာ ထူးအိမ်သင် သိသိသာသာ တုန်လှုပ်နေပြီ၊ တုန်တာမှ တဆတ်ဆတ်ကို တုန်နေတာ၊ ကျွန်မက သူ့ကိုကြိုပြောပြီးသားမို့ သူ့ခမျာ ဘာမျှလည်း မပြော သာ၊ ကျွန်မကို အကူအညီတောင်းလိုက်မိတာကို နောင်တရနေတော့မှာ

mgyoe.com

mgyoe.com
SAMPLE BOOK


သေချာတယ်။

ဆရာလေးက ကျွန်မလက်ထဲကို မျက်နှာသုတ်ပဝါထည့်ပေးပြီး အမေနဲ့ အဖေ ကြောက်ဒူးတုန်နေတဲ့ကြားက ကလေးကို ရေချိုးခန်းထဲ ခေါ်သွားပြီး ရေတဗွမ်းဗွမ်း လောင်းတော့တာပဲ။ ရေချိုးလို့အပြီးမှာတော့ ကျွန်မလက်ထဲက မျက်နှာသုတ်ပဝါကို လှမ်းယူပြီး သူကိုယ်တိုင် ကလေးကို သုတ်ပေးတယ်၊ ဧည့်ခန်းထဲပြန်ရောက်ပြီးတော့ အဖျားပြန်တိုင်းတယ်။ ၁၀၄ ဖြစ်နေတဲ့ အဖျားက ၁၀၂ အထိ ကျသွားတယ်။ ကလေးလည်း နည်းနည်း လန်းလာတယ်။

ပြီးတော့ ဆရာလေးက စာရွက်နဲ့ဘောပင်သွားယူပြီး ဝယ်ရမယ့် ဆေး စာရင်းနဲ့ ထူးအိမ်သင်ကို ထုံးစံအတိုင်း ကျောက်မြောင်းဈေး ကြော့မောင်မောင် ညွန့် ဓာတ်ပုံဆိုင်ဘေးက April ဆေးဆိုင်မှာ ဆေးသွားဝယ်ခိုင်းလိုက်တယ်။ ဆေးရောက်လာတော့ တိုက်ရမယ့်ဆေး၊ တိုက်ရမယ့် အချိန်ကို သေသေ ချာချာမှာပြီး ကလေးကို အင်္ကျီပါးလေးတစ်ထည်ပဲ ပြန်ဝတ်ခိုင်းပြီးတော့ ပြန်လွှတ်လိုက်တယ်။

"အဖျားကြီးနေတဲ့ကလေးကို အနွေးထည်တွေ အထပ်ထပ်ဝတ်၊ အိမ်ခန်းတွင်းမှာ စောင်ခြုံသိပ်နေတော့ အဖျားက ဘယ်ကျမလဲ၊ ချည်ထည် ပါးပါးဝတ်ပေး၊ လေဝင်လေထွက်ကောင်းတဲ့ အိမ်ရှေ့ခန်းလို နေရာမှာ သိပ် ပါ"လို့ မှာလိုက်တယ်။

ဒီလိုနဲ့ မိကွန်ထောလေး နောက်နေ့ကစပြီး ခေါင်းထောင်လာနိုင် တယ်။ ဆရာလေးဆီပြရင်း တဖြည်းဖြည်း နေပြန်ကောင်းသွားတယ်။ ဒီလိုနဲ့ ထူးအိမ်သင်မိသားစုနဲ့ ကျွန်မတို့ ကျွမ်းဝင်ရပြန်တယ်။

အဲဒီနေ့က ထူးအိမ်သင် ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ပုံကို ကြုံတိုင်း ကျွန်မတို့ ပြောဖြစ်ကြတယ်။ အဲဒီအကျိုးဆက်က မိကွန်ထောကို ကုပြီး မကြာခင် တစ်နေ့ မနက်ခင်းစောစောကြီးမှာ ဆရာလေးအိမ်ရှေ့ကို ကလေး ပေါက်စလေးပိုက်ထားတဲ့အမျိုးသမီးတစ်ယောက် ရောက်လာပါလေရောတဲ့။ ကလေး နေမကောင်းလို့ ဆရာလေးဆီ ဆေးလာကုတာ၊ ဆရာလေးက ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲဆိုတော့ ...

"ထူးအိမ်သင်ဇနီးက ညွှန်လိုက်လို့ပါ"

mgyoe.com

mgyoe.com
SAMPLE BOOK


လို့ဆိုသတဲ့။ အခုအချိန်မှာတော့ဖြင့် မိကွန်ထောလေးတောင် ပညာတတ်ကြီး ဖြစ်နေပြီ။ ဆရာလေးနဲ့ ကျွန်မ မကြာခင်ကာလပိုင်းကလေးကပဲ လူမှုကွန်ရက်မှာ မိကွန်ထောပုံကလေး တွေ့လိုက်လို့ အဲဒီအကြောင်း ပြောဖြစ်ကြသေးတယ်။ သူ့အဖေများရှိနေရင် ဘယ်လောက် ပျော်စရာကောင်းလိုက်မလဲလို့။

ဆရာလေး ဆေးကုတဲ့ နယ်ပယ်ကတော့ အရပ်ဒေသမရွေးပါပဲ၊ ကိုအောင်ကြင်နဲ့ဆရာလေးတို့နှစ်ယောက် ကျောက်မြောင်းတစ်ဝိုက်က ဆေးကုသပေးသူတွေထဲ ထူးအိမ်သင်သမီးလေး မိကွန်ထောတင်မက စိုင်းထီးဆိုင်၊ ဦးဝင်းမြင့် (ယခင် နိုင်ငံတော် သမ္မတဖြစ်ခဲ့ဖူးသူ) မိသားစု၊ ဗမာပြည်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌဟောင်း သခင်ဇင်ရဲ့ဇနီး ဒေါ်ကြည်ကြည်၊ ဦးချစ်အောင်+ဒေါ်ရင်ရွှေ (ကျွန်မ ဖေဖေနဲ့ မေမေ)၊ ဦးစိုးမြင့်+မိချမ်းဝေ၊ ဆရာလေးလက်ရှိနေထိုင်တဲ့ ကိုသိန်းနိုင် (ကျွန်မတို့က AE သိန်းလို့ ခေါ်ပါတယ်) အမေနဲ့ မိသားစု၊ နောက် ကျွန်မနာမည်မေ့နေတာတွေနဲ့ ကျွန်မမသိတဲ့ သူ့လူနာတွေအများကြီး ကျန်သေးတယ်။

လွန်ခဲ့တဲ့ကာလ ဆရာလေး လည်ချောင်းကင်ဆာရောဂါကို ဆေးရုံတက်ကုသနေရင်းနဲ့လည်း ဆေးရုံဆင်းတာနဲ့ အေအီးသိန်းအစ်မ နာတာရှည်လူနာကို ဆေးကုပေးသေးတာ။ ကိုယ်တိုင်လူနာဖြစ်နေတာတောင် ငြိမ်ငြိမ်မနေနိုင်တဲ့ ဆရာဝန်၊ ၂၀၂၁ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစပြီး ကျွန်မဆရာလေးနဲ့တင်မက မိသားစု မိတ်ဆွေအသိုင်းအဝန်းနဲ့ပါ တစ်ကမ္ဘာခြားဝေးကွာသွားခဲ့တာ ၂၀၂၃ ဇန်နဝါရီလ ၄ ရက်နေ့ကျမှ အိမ်ပြန်ရောက်ပါတယ်။

အဲဒီ ကာလတွေ အတောတွင်း ကျွန်မက ၂၀၂၁ ဖေဖော်ဝါရီလ ၁ ရက်နေ့ကနေပြီး မတ်လ ၂ ရက်နေ့အထိ တစ်နေရာ၊ အဲဒီကနေပြီး ၂၀၂၃ ဇန်နဝါရီ ၄ ရက်နေ့အထိ နောက်တစ်နေရာကို ရောက်နေခဲ့တာပါ။ အဲဒီကာလတစ်လျှောက်လုံး မိသားစုနဲ့အတူ ချစ်သူ ခင်သူ မိတ်ဆွေသင်္ဂဟတွေနဲ့ ဝေးကွာလွမ်းဆွတ်နေရတဲ့ အချိန်တွေပါ။ အဲဒီ ကာလတွေမှာ အိမ်က နှစ်ပတ်တစ်ကြိမ် စားစရာနဲ့အတူ မိသားစုရေးတဲ့စာနဲ့ ဖတ်စရာစာအုပ်ကလေးတွေကို ပို့ပေးလို့တော့ ရပါတယ်။ အစားအသောက်ဟာ နေ့ချင်းရောက်ပေမဲ့

mgyoe.com

mgyoe.com
SAMPLE BOOK


စာနဲ့ စာအုပ်တွေက တစ်ပတ်၊ ဆယ်ရက် ကြာမှဖတ်ရတယ်၊ ကျွန်မအိမ်က မိသားစုဆီက စာနဲ့ စာအုပ်လာရင် မျှော်ရတာက ရောပါလာတတ်တဲ့ သူငယ်ချင်းအပေါင်းအသင်းတွေရဲ့ လက်ရေးနဲ့ စာကလေးတွေပါပဲ။ ဆရာလေးက ကျွန်မကို စာအုပ် ၂ အုပ် ပို့ပေးတယ်၊ စာတိုလေးတစ်စောင်လည်း ပါတယ်။

စာအုပ်တွေက ဆရာ ဦးရွှေအောင်ရဲ့ ဓမ္မပဒစာအုပ်နဲ့ ဆရာဦးအေးမောင်ရဲ့ ဗုဒ္ဓဝါဒ စာအုပ်ပါ။ ကျွန်မဖြင့်လေ အဲဒီစာအုပ်တွေကို တွေ့ရတော့ အံ့သြဝမ်းသာကြီးကို ဖြစ်သွားတော့တာ၊ ဘာကြောင့်လဲလို့ဆိုရင် ဆရာလေးနဲ့ ကိုအောင်ကြင်ကို ကျွန်မတို့အားလုံးရဲ့အသိမှာ ဘာသာမဲ့တယ်ဆိုပြီး သိထားကြပေမဲ့ သူတို့ နှစ်ယောက်ရဲ့ စိတ်နေသဘောထားနဲ့ ပြုမူကျင့်ကြံနေထိုင်ဆက်ဆံပုံဟာ ငါးပါးသီလနဲ့ဆန့်ကျင်တာဆိုလို့ ရုံဖန်ရံခါ သုရာမေရယကံ တစ်ပါးပဲ ရှိတယ်။ ဆရာလေးက ဘီယာ၊ ကိုအောင်ကြင်က အရက်သောက်တတ်တယ်။ ဒါတောင် အမြဲ မဟုတ်ဘူး၊ ကျွန်မအားလုံးနဲ့ ဝေးရာမှာ ရှိနေချိန် ၂၀၂၂ ခု၊ နှစ်လယ်ပိုင်းလောက်မှာ သူတို့စာပေညီအစ်မသူငယ်ချင်းများ တွေ့ဆုံကြချိန်၊ အားလုံးက စာတစ်မျက်နှာထဲမှာ စုပေါင်းပြီးရေးလိုက်တဲ့အထဲ သူငယ်ချင်း မြသွေးရည်က

"ဆရာလေးဆီမှာ တို့တွေ မကြာခဏတွေ့ဖြစ်တယ်၊ ဆရာလေးမှာ ကင်ဆာပြန်တွေ့လို့ ဆေးကုနေရတယ် သူငယ်ချင်းရေ၊ နောက် ခြောက်လလောက်ပဲ နေရတော့မယ်လို့ မှန်းတယ်"ဆိုတာ ဖတ်ရတော့ ကျွန်မမှာ ငိုလိုက်ရတာ။ သူတို့လည်း ဆရာလေးအတွက် ဘယ်လောက် စိတ်ထိခိုက်နေကြမလဲလို့ တွေးမိပါတယ်။ အေးလေ ကင်ဆာဆိုတဲ့ရောဂါဆိုးဟာ ဆရာလေးဆီ ရောက်လာတာ ၁၀ နှစ်တောင်ကျော်ခဲ့ပြီပဲ။ ငါတော့ ဆရာလေးကို ပြန်တွေ့ရတော့မှာ မဟုတ်ဘူးလို့ ထင်မှတ်လိုက်မိတယ်။

ဆရာလေးအိမ်မှာ ဆရာလေးမွေးနေ့ကို သူငယ်ချင်း မြသွေးရည်တို့ မနွေတို့ ဆရာလေးရဲ့ ကျောင်းနေဖက်သူငယ်ချင်း သချာမောင်မောင်တီတို့၊ ကိုသိန်းနိုင်တို့ စုလုပ်ပေးကြတဲ့အချိန်မှာလည်း ကျွန်မအတွက် စာလေးတွေ မမေ့မလျော့ ရေးပေးတတ်ကြလို့ ကျွန်မကိုအမှတ်တရရှိကြပါလားဆိုပြီး သူငယ်ချင်းတွေကိုကျေးဇူးတင်ရပါတယ်။ ခြောက်လပဲ အသက်ရှင်ခွင့်ရ

mgyoe.com

mgyoe.com
SAMPLE BOOK


တော့မယ်လို့သိထားတဲ့ ဆရာလေးဟာ ယခု ကျွန်မစာရေးနေတဲ့ ၂၀၂၄ ခုနှစ်ကုန်ပိုင်းအထိ မကျန်းမာသော်လည်း ရှင်သန်နေဆဲရှိပါတယ်။

အဲဒါက သူရဲ့ကုသိုလ်ကံလည်း ပါသလို သူတစ်သက်လုံး လေ့လာခဲ့တဲ့ ဆေးပညာထဲက ရောဂါဗေဒဆိုင်ရာဖြစ်စဉ် အရင်းအမြစ်နဲ့ ကာကွယ်တတ်မှု၊ နေထိုင်စားသောက်မှုနဲ့ ဆင်ခြင်တုံတရားတွေကြောင့်လည်း ဖြစ်မယ်လို့ ယုံကြည်ပါတယ်။

ကျွန်မတို့ ငယ်ငယ်တုန်းက မြစ်ပွားနာလို့ ကြားခဲ့ဖူးတဲ့ ဝေဒနာတစ်ခုဟာ ခုချိန်မှာ "ကင်ဆာ"ဆိုပြီး တစ်နှစ်ထက်တစ်နှစ် ခပ်စိပ်စိပ် ကြားလာရတဲ့အထဲ လွန်ခဲ့တဲ့ ၁၂ နှစ်ကျော် ကာလမှာ လုံးဝမထင်မှတ်ဘဲ ဆရာလေးပါ အဆစ်ပါသွားတော့ ကျွန်မတို့ အတော်တုန်လှုပ်ချောက်ချားသွားခဲ့ပါတယ်။

ဆရာလေးနဲ့ ကိုအောင်ကြင်နှစ်ယောက်သား ဆေးလည်ကုခဲ့တဲ့ သက်တမ်းက မနည်းလှပါဘူး၊ ပန်းချီဆရာ တဂိုးမျိုး မိသားစုကို ဆေးကုရင်း ပန်းချီဆရာ ကွယ်လွန်သွားတော့ ဆေးယဉ်ပါးတီဘီနဲ့ အဆုတ်ကင်ဆာဝေဒနာပါ စွဲကပ်နေတဲ့ဆရာကတော်နဲ့ သားသမီးကလေးတွေဆီ အပတ်စဉ်ဆက်ပြီး သွားကုရတဲ့အခါ လူနာအတွက် မိန်းမဖော်ရအောင် မဖြစ်မနေ ကျွန်မ လိုက်ပေးရပါတယ်။

ဆောက်လုပ်ရေးရုံးချုပ်မှာ တာဝန်ကျနေတဲ့ သူငယ်ချင်း မြသွေးရည်လည်း နယ်မပြောင်းခင် တစ်ခါတစ်ရံလိုက်ပါလေ့ ရှိပါတယ်။ ကျွန်မကို ဈေးပတ်ဝန်းကျင်ကနေ လမ်းမပေါ် ဆွဲတင်ပေးတာ သူတို့နှစ်ယောက်ပါပဲ၊ အများအကျိုးဆောင်ရွက်သူ၊ ပရဟိတသမား၊ ကိုယ်ကျိုးစွန့်ကြသူတွေဆိုတဲ့ အသုံးအနှုန်းတွေမတိုင်ခင်ကတည်းက ဘာအတွက်မှမဟုတ်ဘဲ ဝါသနာပါလို့ကို လုပ်နေကြတာပါ။ ဘယ်သူ့အတွက်မှ မဟုတ်ဘဲ ကိုယ့်ပီတိအတွက် ကိုယ် မွေးရာပါစိတ်ဓာတ်နဲ့ လုပ်နေကြသူတွေပါလို့ ဆိုပါရစေ။

အဲဒီကာလတုန်းက ဆရာလေး ဆေးကုတဲ့လူနာထဲမှာ ကျွန်မတို့ စာပေညီအစ်မတွေဖြစ်တဲ့ အစ်မကြီး မြသက်နိုင်ရဲ့ အမေ၊ မြသွေးရည်ရဲ့ အဖေနဲ့ အမေ၊ ကျွန်မအမေ၊ ရာသက်ပန် တောင်ငူဆောင်ရဲ့ဒေါ်ာမေ၊ ကွယ်လွန်သူ ပန်းချီဆရာရဲ့ဇနီး အစ်မ ဒေါ်ခင်သိန်း၊ ကဗျာဆရာမ အစ်မခင်ဝင်းသစ်

mgyoe.com

mgyoe.com
SAMPLE BOOK


ရဲ့အမေ၊ ဆရာလေး မိတ်ဆွေ ဒဂုံမြို့သစ်က ကင်ဆာဝေဒနာရှင် ကိုဝင်းမြင့်နဲ့ လူနာတချို့ကို အပတ်စဉ် စနေ၊ တနင်္ဂနွေမှာ ဆေးလှည့်ကုပါတယ်။ စနေနေ့ မနက် လက်ဖက်ရည်ဆိုင်မှာ လူစုပြီးထွက်လိုက်တာ တနင်္ဂနွေညမှ ပြန်ရောက်ကြပါတယ်။

ဆရာလေးက လူနဲ့မကွာ အမြဲပါနေကျ လွယ်အိတ်ကို ပခုံးမှာလွယ်၊ ထီးကောက်ကြီးလက်မှာ ချိတ်လို့၊ ကိုအောင်ကြင်က ဆေးသေတ္တာကို တစ်ဖက် ဆရာလေး ကြိုဝယ်ခိုင်းထားတဲ့ ဆေးထုပ်ကြီးကို တစ်ဖက်ဆွဲလို့၊ ကျွန်မက ပေါင်ချိန်စက်ကို ကိုင်ပြီးလိုက်ရပါတယ်။ ဆရာလေးဟာ သူ့လူနာတွေရဲ့ တိုးတက်မှု၊ ဆုတ်ယုတ်မှုကို စမ်းသပ်တိုင်းတာတဲ့ အချက်တွေထဲမှာ တစ်ပတ် တစ်ကြိမ် ပေါင်ချိန်တာလည်းပါသေးရဲ့။

ဆေးလည်ကုတဲ့ စနေညပိုင်းတွေကိုတော့ အစ်မကြီး မြသက်နိုင်၊ မြသွေးရည် ဒါမှမဟုတ် ရာသက်ပန်တို့အိမ်တွေမှာ အိပ်လေ့ရှိတယ်၊ သူငယ်ချင်း အပေါင်းအသင်းတွေနဲ့ ညဉ့်နက်အောင် စကားပြောကြ၊ မနက် စောစောလက်ဖက်ရည်ဆိုင်ထိုင်ပြီး ခရီးဆက်ကြနဲ့ပေါ့၊ ကျွန်မတို့ရဲ့မိဘ အသက်ကြီးရွယ်အိုတွေဟာ ဆရာလေးကို သိပ်အားကိုးကြသလို ကိုအောင်ကြင်ကိုလည်း ခင်တွယ်ကြတယ်။

ကိုအောင်ကြင်ခမျာ သူငယ်ချင်းကို ပါရမီဖြည့်ရပုံများက ဘယ်အရပ်ရောက်ရောက် လူနာကို စမ်းသပ်ပြီး ပြီးပြီဆိုတာနဲ့ လိုအပ်တဲ့ဆေးကို ဝေးဝေးနီးနီး ဆေးဆိုင်ရှိတဲ့နေရာကိုရှာဖွေပြီး အိတ်စိုက် လူစိုက် ခြေတိုအောင်ပတ်ရှာဝယ်ရတော့တာ။ ကျောက်မြောင်းမှာ အဲဒီကာလတုန်းက ဘောက်စ်ဝက်ဂွန် ဘုရင်လို့ နာမည်တွင်တဲ့ ကိုသိန်းနိုင် (ကျွန်မတို့အခေါ် အေအီးသိန်း) က သူ့ဘောက်စ်ဝက်ဂွန် ကားဝါလေးနဲ့ လိုက်ပို့တဲ့နေ့တွေဆိုရင်တော့ သက်သာရာ ရပါတယ်။ ဒဂုံမြို့သစ်တည်ခါစ အခုလောက် မစည်ကားသေးတဲ့ အချိန်ပါ။

စနေတစ်ည အစ်မကြီး မြသက်နိုင်အိမ်မှာအိပ်ပြီး နောက်နေ့မနက် ကျွန်မတို့ ခရီးဆက်ဖို့ ကားပေါ်တက်မယ်အလုပ်မှာ အေအီးသိန်းကားထဲကို ဘယ်အချိန်က ဝင်ခွေနေမှန်းမသိတဲ့ စပါးကြီးမြွေကြီးဟာ ပုံ့ပုံ့မြိန့်မြိန့်ကြီးရယ်၊ အေအီးသိန်းက တုတ်တစ်ချောင်းနဲ့ မနည်းခြောက်လှန့်ထုတ်ရပေါ့၊

mgyoe.com

mgyoe.com SAMPLE BOOK


ဒါလည်း အမှတ်တရပါပဲ။ အစ်မကြီး မြသက်နိုင်ရဲ့အမေခမျာ အသက် ၈၀ ကျော် ကျောက်ကပ်တစ်လုံးတည်းနဲ့ အသက်ရှင်နေရတဲ့သူမို့ ဆရာလေးက သိပ်ဂရုစိုက်တယ်၊ အမေကလည်း ဆရာလေးရှိလို့သာပဲ နို့မို့ဆိုရင် ငါ သေတာကြာပေါ့တဲ့။

တစ်ပြိုင်တည်း နေမကောင်းဖြစ်ကြတာများ အစ်မကြီးမြသက်နိုင် အမေရယ်၊ မြသွေးရည် အဖေရယ်၊ ရာသက်ပန်အမေရယ်ပေါ့၊ ကျွန်မအမေနဲ့ မြသွေးအမေက အဲဒီတုန်းက ဒီလောက် မဟုတ်ကြသေးဘူး။ မြသွေးအမေနဲ့ အဖေက ကျွန်မဖေဖေနဲ့ မေမေလိုပဲ တစ်ခါတလေ ဘာရယ် မဟုတ်ဘဲနဲ့ တကျက်ကျက်ရယ်၊ အမေတွေရဲ့ အလိုမကျမှုတွေက ပိုမယ်ထင်တာပဲ၊ အသက်ကြီးလာတဲ့ သူတို့တွေရဲ့ နေထိုင်ပြောဆိုပုံတွေကိုကြည့်ရတာ အလို လိုနေရင်း ချစ်ဖို့ကောင်းလှတယ်။

တစ်ခါတော့ မြသွေးအဖေက ဆီးမသွားလို့ ဗိုက်ကြီးတင်းပြီး နေမထိ ထိုင်မသာဖြစ်နေတုန်း ကျွန်မတို့ သုံးယောက်ရောက်သွားတော့ ဆရာလေးက စမ်းသပ်ပြီး ကိုအောင်ကြင်ကို ဆေးဝယ်ခိုင်းတယ်။ တောင်ဥက္ကလာ ဆယ် ရပ်ကွက်ဈေးကို ကိုအောင်ကြင် ဆေးပြေးဝယ်ပြီး ပြန်လာတော့ ဆရာလေးက ဆေးထိုးပေးတယ်။ သိပ်မကြာပါဘူး၊ အဖေက အိမ်နောက်ဘက်ကိုပြေး တော့တာပဲ၊ ခဏလည်းနေရော–

"မမရေ ... ရှူးရှူးတွေအများကြီးပဲဟ၊ ပေါက်လို့ကောင်းလိုက်တာ" ဆိုပြီး ဝမ်းသာအားရ အော်တော့တာပဲ၊ အဖေ့ခမျာ ဘယ်လောက်များ ဝေဒနာရဲ့ အန္တရာယ်ကို တနင့်တပိုး လွယ်ထားရရှာပါလိမ့်။ အဖေ့ကိုကြည့်ပြီး ကျွန်မတို့ပါ ဝမ်းတွေသာလိုက်ရတာ။ မြသွေးကို သူ့တစ်အိမ်လုံးက "မမ" လို့ ခေါ်ကြတယ်၊ အစ်မအကြီးဆုံးမို့ ညီမတွေကတင် မမ ခေါ်တာမဟုတ်၊ အဖေရော အမေရာ အိမ်နီးချင်းတွေကပါ မမလို့ ခေါ်ကြတာ။ အဖေဆုံးပြီး တော့မှ အမေက ပိုပြီးချူချာလာ၊ ဆေးလိပ်သိပ်ကြိုက်တဲ့အမေ နည်းနည်း လေးထူထောင်တာနဲ့ ဆေးပေါ့လိပ်ကြီး လက်ကြားညှပ်တော့တာပဲ။ တစ်နေ့ တော့ ဆရာလေးက–

"ဒေါ်ဒေါ် ဆေးလိပ်ကို ဘယ်လောက်ကြာအောင် သောက်နေဦးမယ် စိတ်ကူးလဲ"

mgyoe.com

mgyoe.com
SAMPLE BOOK


ဆိုတော့ သူက ဆရာလေးမျက်နှာကို ပြုံးပြုံးလေးကြည့်ပြီး "မသေမချင်းပဲ" တဲ့။ ဘွင်းဘွင်း ရှင်းရှင်းအဖြေကို ဆရာလေးက သဘောကျပြီး လက်ခုပ်လက်ဝါးတီး ရယ်လိုက်တာလေ၊ ဆရာလေးဟာ သူသဘောကျသွားပြီဆိုရင် လက်ခုပ်လက်ဝါးတီးပြီး အားရပါးရ ရယ်လေ့ရှိတယ်။ သူအဲဒီလိုရယ်တော့ အမေရော ကျွန်မတို့အားလုံးရော ဝိုင်းရယ်ကြတာပေါ့၊ အမေတွေက ဆရာလေးကို အဲဒီလို ချစ်ပြီးဆိုးနွဲ့လေ့ရှိကြရဲ့။

"လျှော့သောက်ပါ့မယ် ဆရာရယ်" တို့

"ကြိုးစားဖြတ်ပါ့မယ်" တို့

နားထောင်ကောင်းအောင် မပြောဘူး၊ သူ့စိတ်ထဲရှိတဲ့အတိုင်းပဲ ပြောတယ်။ အသက်အရွယ် ကြီးတဲ့အထိ အိုအောင်မင်းအောင် ပေါင်းသင်းလာကြရတာမို့ ထင်ပါရဲ့၊ ရှိတုန်းကသာ စိတ်မရှည်ဘဲ တကျက်ကျက်ဖြစ်ကြတာ (အဖေက ကျီစားသန်တာလည်းပါမှာပါ) အမေ့ခမျာ တစ်ခါတလေ အိပ်ရာထဲခွေနေရင်း မျက်ရည်လေးဝဲပြီး ငိုမဲ့မဲ့လေးဖြစ်နေတတ်သေး။

"အမေ ဘာဖြစ်လို့လဲ၊ ဘာလုပ်ပေးရမလဲ"

ဆိုတော့ မျက်ရည်တွေစီးကျလာပြီး "အဘိုးကြီးကို သတိရတယ်" ဆိုပြီး ငိုပါလေရော။ ဩော် တစ်ယောက်တည်း အိပ်ရာထဲက မထနိုင်ကြတော့တဲ့အချိန်မှာ ဘဝခရီးဖော်ကို လွမ်းရှာပေမပေါ့။ အဲဒီအချိန်မှာ မြသွေးဟာ သိပ်ပင်ပန်းရှာတယ်၊ ညီမ နှစ်ယောက်က အိမ်ထောင်သည် သားသည်မိခင် အိမ်ရှင်မတွေမို့ အမေ့ဆီ ကူးလာပြုစုလိုက်၊ ကိုယ့်မိသားစုကိစ္စ ပြေးလုပ်လိုက်ရနဲ့မို့ အိပ်ရာထဲလဲနေတဲ့အမေ့ရဲ့ အညစ်အကြေးတွေကို ဒိုင်ခံလျှော်ရတာ မြသွေးပဲ။ အဲဒီကာလတုန်းက အခု ကျွန်မတို့ ဘိုးဘွားတွေအတွက် လက်ရှိသုံးနေတဲ့ ဒိုင်ဘာတွေ ဘာတွေလည်း ခေတ်မစားသေးဘူး၊ မြသွေးက ပိန်ပိန်သေးသေး နွဲ့နွဲ့လေးရယ်၊ လူနဲ့မလိုက်အောင် စိတ်ဓာတ်ကတော့ အလွန်မာကျောတယ်။

ကျွန်မတို့သူငယ်ချင်းတွေက သူ့မိဘကိုယ့်မိဘအားလုံးကို အဖေအမေပဲခေါ်ကြတယ်။ ကျွန်မ အမေနဲ့အဖေကလည်း မြသွေးကို သိပ်သံယောဇဉ်ရှိတယ်၊ မေမေဆိုရင် အမဲသား မစားဘူး၊ အိမ်မှာလည်း အမဲသား မချက်ဘူး၊ ဒါပေမဲ့ မြသွေး လာလည်တဲ့ နေ့တွေဆိုရင်တော့ ဈေးသိမ်းပြီး ပြန်လာ

mgyoe.com

mgyoe.com
SAMPLE BOOK


တာနဲ့ အမဲသားတွေ ဝယ်လာပြီးချက်တော့တာပဲ၊ မြသွေးက သွေးအားနည်းလို့ အမဲသားကို ဆားပျား မဆလာထည့်၊ သူကိုယ်တိုင် ပယ်ပယ်နယ်နယ် နယ်ဖပ်ပြီး ချက်တာများ မွှေးကြိုင်နေရောပဲ၊ ဖေဖေနဲ့ ကျွန်မတို့ မောင်နှမတွေ မြသွေးလာရင် အမဲသားဟင်း ကောင်းကောင်းစားရတယ်။ ၁၉၉၃ ခုနှစ် ဘိုးလိန်းလမ်း (အခု ဗညားဒလလမ်း) မှာရှိတဲ့ ကျွန်မတို့နေတဲ့ အဆောက်အအုံလေးကို ဖျက်ပြီး ၈ ထပ်တိုက် ပြန်ဆောက်တော့ ကျွန်မတို့က ငွေမလိုက်နိုင်တာနဲ့ ၆–ထပ်ကို ရောက်သွားတယ်။

အဲဒါလည်း ကျွန်မကြောင့်ပါပဲ။ ဘိုးလိန်းလမ်းမကြီးပေါ်က နှစ်ထပ်အိမ်တစ်အိမ်ရဲ့အောက်ထပ်နှစ်ခန်းက အပိုင်ဝယ်နေတဲ့သူတွေဖြစ်ပြီး အပေါ်နှစ်ခန်းနဲ့ နောက်ဘက်ကိုတွဲထားတဲ့အဆွယ်တစ်ခုမှာ အိမ်ငှားတွေရှိပါတယ်။ အပိုင်ဝယ်နေတဲ့ နှစ်ဦးထဲ ကျွန်မတို့မိသားစုလည်းပါတယ်။ ကန်ထရိုက်တိုက်တွေခေတ်စားလာတဲ့အချိန် ဟောင်းအိုပြီး ပြိုတော့မတတ်ဖြစ်နေတဲ့ ကျွန်မတို့ အိမ်ကို ကန်ထရိုက်ဆောက်ဖို့အိမ်ရှင်နဲ့ ကန်ထရိုက်ညှိကြတဲ့အခါ ၈ ထပ်ဆောက်ပြီး အပိုင်ဝယ်နေတဲ့ ကျွန်မတို့က ပထမထပ်ကို တက်ပေးဖို့ စကားပြောပြီးသားပါ။ ကျွန်မတို့လည်း ပထမထပ်မှာနေဖို့ သဘောတူပါတယ်။ ကိုယ်က ငွေမှမလိုက်နိုင်ဘဲကိုး၊ ဒါပေမဲ့ ကျွန်မတို့က အခန်းရှင်မို့ ပထမထပ်လိုချင်ရင် အိမ်ငှားမိသားစုသုံးစုကို ပြန်မပေးဖို့ ကျွန်မတို့က တိတ်တဆိတ် သဘောတူလက်မှတ်ထိုးပေးရပါမယ်တဲ့။

အဲဒီအချိန်မှာ ဖေဖေက အိမ်ထောင်ဦးစီးဖြစ်ပေမဲ့ အိမ်ခန်းနဲ့ ပတ်သက်တဲ့ ကိစ္စအဝဝအတွက် ကျွန်မကို တရားဝင် Special Power ပေးထားပါတယ်။ သူတို့ကို ပြန်မပေးဘူးလို့ စောစောကတည်းက ပြောထားရင် ဆင်းမပေးကြမှာစိုးလို့ ကန်ထရိုက်နဲ့ နောက်အခန်းရှင်တစ်ဦးက ကျွန်မနဲ့ ညှိနှိုင်းတာပါ၊ အိမ်ငှားသုံးဦးကလည်း အခန်းပြန်ရမှာမို့ ရွှေ့ဖို့ပြင်ဆင်ပြီးသား၊ နောင်မှသာ ပိုင်ဆိုင်မှုရှိတဲ့အခန်းရှင်တွေနဲ့ မြေရှင်က အိမ်ငှားမိသားစု သုံးစုကို ရှင်းထုတ်ဖို့ သဘောတူလက်မှတ်ရေးထိုးကြမယ့်အစီအစဉ်ပါ။

အဲဒီကိစ္စကို မတရားဘူးထင်လို့ ကျွန်မက သဘောမတူပါဘူး၊ ကျွန်မတို့မိသားစု ပထမထပ်ကိုလည်း ယူပါမယ်၊ တိတ်တိတ်ကလေးလည်း လက်မှတ်မထိုးနိုင်ပါဘူးလို့ ငြင်းလိုက်တဲ့အတွက် ပထမထပ်ကို လိုချင်ရင်

mgyoe.com